# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၇)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၃၅၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ-တရုတ်နယ်စပ်တွင် လူဝင်/ထွက်ဂိတ်များအား ခြောက်ညအိပ် ခုနစ်ရက် ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ် ရက်ချိန်းပေးစနစ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးမည်



**မူဆယ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မြန်မာ-တရုတ်နယ်စပ် လူဝင်/ထွက်ဂိတ်များမှ ခြောက်ညအိပ် ခုနစ်ရက် ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်(TBP)များကို ပိုမိုလွယ်ကူလျင်မြန်စေရေးအတွက် ရက်ချိန်းပေးစနစ်ဖြင့် မိမိတို့၏ သတ်မှတ်ထားသည့် ရက်နှင့်သတ်မှတ်ဂိတ်မှတစ်ဆင့် ဝင်ရောက်နိုင်ရန် မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သည်ကြီးများအသင်းရုံး၌ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရက်ချိန်းပေးစနစ်ဖြင့် ဆောင်ရွက်ပေးခြင်းကို စက်တင်ဘာ ၁၃ ရက်မှစ၍ မန့်ဝိန်းဂိတ်ရှေ့တွင် နန်းတော်ဂိတ်နှင့် ဆင်ဖြူဂိတ်တို့မှ တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်မည့် ပြည်သူများကို ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်(TBP)အား ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက် သုံးရက်စာ လူဦးရေ ၁၅၀၀ ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး တစ်ဖက်နိုင်ငံသို့ သွားရောက်မည့်သူများက မိမိ၏သတ်မှတ်ထားသည့်ရက်နှင့်

*စာမျက်နှာ ၄ ကော်လံ ၃* ■

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၌ ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ဒေါ်လာ ၅ ဒသမ ၀၆၄ သန်းနှင့် သွင်းကုန် ဒေါ်လာ ၁၃ ဒသမ ၅၇၈ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် ဒေါ်လာ ၁၈ ဒသမ ၆၄၂ သန်းဖြစ်ပြီး ယခင်နှစ်ကာလတူ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ဒေါ်လာ ၂ ဒသမ ၂၇၉ သန်း၊ သွင်းကုန် ဒေါ်လာ ၂ ဒသမ ၉၆၈ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၅ ဒသမ ၂၄၇ သန်းဖြစ်၍ ယခင်နှစ်ကာလတူထက် ပို့ကုန် ဒေါ်လာ ၂ ဒသမ ၇၈၅ သန်း၊ သွင်းကုန် ဒေါ်လာ ၁၀ ဒသမ ၆၁၀ သန်း ပိုမိုခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၃ ဒသမ ၃၉၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁


**ယနေ့ ဖတ် စ ရာ**

“မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၄) (ရခိုင်ပြည်နယ်အစိုးရအဖွဲ့) — ဆောင်းပါး — စာ ၁၀



အိန္ဒိယနိုင်ငံ ရှန်တီနိကေတန် ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ် — နိုင်ငံတကာသတင်း — စာ ၁၃

ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု — စီးပွားရေးသတင်းများ — စာ ၁၆




## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၉-၂၀၂၃

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဗန်းမော်မြို့ | ၃ | ဒသမ | ၅၄ | လက်မ | ရေဦးမြို့ | ၂ | ဒသမ | ၃၆ | လက်မ |
| ဘူးသီးတောင်မြို့ | ၃ | ဒသမ | ၁၈ | လက်မ | မန္တလေးမြို့ | ၂ | ဒသမ | ၃၆ | လက်မ |
| ကလေးဝမြို့ | ၂ | ဒသမ | ၉၅ | လက်မ | (ချမ်းအေးသာစံ) | | | | |
| ခန္တီးမြို့ | ၂ | ဒသမ | ၈၇ | လက်မ | ကျောက်ဆည်မြို့ | ၂ | ဒသမ | ၂၈ | လက်မ |
| ထီးလင်းမြို့ | ၂ | ဒသမ | ၆၇ | လက်မ | (လွန်ကျော်) | | | | |
| ဝမ်းတွင်းမြို့ | ၂ | ဒသမ | ၅၃ | လက်မ | မိုးညှင်းမြို့ | ၂ | ဒသမ | ၀၅ | လက်မ |

## ယဉ်ကျေးမှုအနုသုခုမ ပညာရပ်များ မပျောက်မပျက်ထိန်းသိမ်းလက်ဆင့်ကမ်း

"ယဉ်ကျေးမှု" ဟူသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ်မှာ လွန်စွာကျယ်ဝန်းနက်ရှိုင်းသည်။ ယဉ်ကျေးမှုသည် လူတစ်ဦးချင်းနှင့်ရောလူမျိုးတစ်မျိုးနှင့်ပါ သက်ဆိုင်သောအရာများလည်းဖြစ်သည်။ မိမိတို့သည် မွေးသည်မှအစ သေသည်အဆုံး ဘဝသက်တမ်းတစ်လျှောက်လုံးတွင် ယဉ်ကျေးမှုနှင့်အတူ နေထိုင်နေကြခြင်းဖြစ်သည်။ ယဉ်ကျေးမှုသည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ဝိသေသလက္ခဏာဖြစ်ပြီး မတူကွဲပြားခြားနားမှုများဖြင့် မည်သည့်တိုင်းပြည်၊ မည်သည့်လူမျိုးဟူ၍ သိသာထင်ရှားစေသည်။ သို့ဖြစ်ရာ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများ အသီးသီးရှိနေကြပြီး ကောင်းမွန်သည့် ယဉ်ကျေးမှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းခြင်း၊ အဆင့်အတန်းမြင့်သည်ထက်မြင့်အောင် မြှင့်တင်ခြင်းအားဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကမ္ဘာတွင် ထင်ရှားပေါ်လွင်လာအောင် ဆောင်ရွက်ကြမြဲဖြစ်သည်။

ယဉ်ကျေးမှုဆိုသည့်အရာများကို ခွဲခြားစိတ်ဖြာကြည့်မည်ဆိုပါက စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု(Intangible Culture)နှင့် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု (Tangible Culture) ဟူ၍ နယ်ပယ်နှစ်ရပ်တွေ့ရှိနိုင်သည်။ တစ်နည်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုနှင့် ဒြပ်ရှိယဉ်ကျေးမှုဟူ၍လည်း ခေါ်ဆိုကြသည်။ ဒြပ်မဲ့ယဉ်ကျေးမှုတွင် ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ အတွေးအခေါ်၊ လူမှုထုံးတမ်းအစဉ်အလာများ၊ လက်မှုပညာများ၊ အနုသုခုမပညာရပ်များ စသည်တို့ပါဝင်ပြီး ဒြပ်ရှိယဉ်ကျေးမှုတွင် ထိတွေ့ကိုင်တွယ်နိုင်သည့် လက်နက်ကိရိယာများ၊ လေ့လှည်းယာဉ်များ၊ အဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ တူရိယာပစ္စည်းများ စသည့် လူတို့ဖန်တီးပြုလုပ်သုံးစွဲခဲ့ကြသည့် အရာဝတ္ထုများ ပါဝင်သည်။

ယဉ်ကျေးမှုတို့၏ သဘောမှာ ကူးလူးဆက်ဆံလျက်ရှိပြီး ရှင်သန်နေခြင်းဖြစ်သည့်အလျောက် အခြားယဉ်ကျေးမှုတို့နှင့် ရောယှက်သည့် သဘာဝလည်းရှိသည်။ ပြင်ပမှဝင်ရောက်လာသည့် ယဉ်ကျေးမှုကို မိမိတို့၏ ရေမြေပတ်ဝန်းကျင်၊ မိမိတို့ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်အောင်ပြုပြင်ပြီး မိမိတို့ယဉ်ကျေးမှုအတွင်း ထည့်သွင်းပေါင်းစည်းကာ ပိုမိုကြွယ်ဝအောင်ပြုလုပ်နိုင်သည်။ တစ်ခါတစ်ရံလည်း ပြင်ပမှဝင်ရောက်လာသည့် ယဉ်ကျေးမှုက လွှမ်းမိုးသွားခြင်းလည်း ဖြစ်နိုင်သည်။ ယဉ်ကျေးမှုများ လိုက်လျောညီထွေပေါင်းစည်းခြင်းက အကျိုးဖြစ်ထွန်းနိုင်သော်လည်း ယဉ်ကျေးမှုလွှမ်းမိုးခံရသည့်အခါတွင်မူ တိုင်းတစ်ပါးကို အထင်ကြီးခြင်း၊ မိမိနိုင်ငံနှင့် မိမိလူမျိုးအတွက် သိမ်ငယ်စိတ်ဝင်ခြင်းမှသည် နိုင်ငံနှင့်လူမျိုးအပေါ် ချစ်ခင်သည့်စိတ်တို့ လျော့ပါးပျောက်ကွယ်သွားစေနိုင်သည်အထိ အန္တရာယ်ရှိသည်။

သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားနေသောခေတ်တွင် ယဉ်ကျေးမှုများ ကူးလူးဆက်ဆံမှု၊ ရောယှက်ဆက်နွှယ်မှုများကလည်း လွန်စွာ လျင်မြန်လာလျက်ရှိနေရာ မိမိတို့တွင်ရှိထားသည့် အမျိုးသားဝိသေသလက္ခဏာ၊ အမျိုးသားယဉ်ကျေးမှုတို့ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပိုမို၍ မြင့်မားလာအောင် မြှင့်တင်မှုများ စဉ်ဆက်မပြတ်ပြုလုပ်ရန် လိုအပ်လာသည်။ မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များစွာအနက်မှ အနုသုခုမပညာရပ်များဖြစ်သော အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပြန်လည်ဖော်ထုတ်ကျင်းပပေးလျက်ရှိရာ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်များမှသည် မကြာမီ နိုင်ငံတော်အဆင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို တင့်တင့်တယ်တယ် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။

ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပရခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုနယ်ပယ်တွင်ပါဝင်သည့် အနုသုခုမပညာရပ်များကို ထိန်းသိမ်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပျက်လွယ်၊ ပျောက်လွယ်၊ တိုင်းတစ်ပါးယဉ်ကျေးမှုဖုံးလွှမ်းလွယ်သည့် မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုကို မပျောက်မပျက်အောင် ထိန်းသိမ်းခြင်းနှင့် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးအပ်ခြင်းပင်ဖြစ်ရာ တစ်မျိုးသားလုံးက တာဝန်အဖြစ်ခံယူ၍ ပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာ - တရုတ် နယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပုသိမ်မြို့၌ စာပေနှင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဆွေးနွေးပွဲ ကျင်းပ

**ပုသိမ် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက စာပေနှင့် သတင်းမီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရေးနှင့် စာကြည့်တိုက်များ အောင်မြင်စွာ ဆက်လက်ရပ်တည်နိုင်စေရေးတို့အတွက် စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ပုသိမ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဒေသခံစာပေသမားများ သတင်းမီဒီယာ အဖွဲ့အစည်းများ၊ ရွာဝတီတိုင်း စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က စာပေကိစ္စရပ်များအကြောင်း၊ အဆိပ်သင့်စာပေများကိုရေးသားခြင်း၊ ထုတ်ဝေခြင်းများကို ရှောင်ကြဉ်ရမည့်အကြောင်း၊ ဒေသတွင်း၌ လူငယ်များ စာဖတ်ရှိန်မြင့်တက်လာစေရေးအတွက် စာကြည့်တိုက်များ ပိုမို ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရမည့်အကြောင်းတို့ကို ဆွေးနွေးသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းမီဒီယာကောင်စီ၏ ရပ်တည်ချက်များ၊ သတင်းမီဒီယာသမားများကို အရည်အသွေးမြှင့်တင်ရေး၊ သတင်းတုသတင်းမှားများ ချေဖျက်ရေး၊ ကျင့်ဝတ်ကိုလိုက်နာသော သတင်းမီဒီယာသမားများ ပိုမိုပေါ်ပေါက်လာစေရေးနှင့် သတင်းသမားများကို ဥပဒေနှင့်အညီ အကာအကွယ် ပေးနိုင်ရေးများကို ဆွေးနွေးသည်။

သတင်းမီဒီယာ ကောင်စီဝင် ဦးနေလင်း (မောင်ချိုဝေ)က သတင်းသမားများ လိုက်နာရမည့် ကျင့်ဝတ်များနှင့် သတင်းလွတ်လပ်ခွင့်များ အကြောင်းကို အမျိုးသားရေးနှင့် သတင်းမီဒီယာ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ထို့နောက်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ရိုက်နှိပ်ထားသည့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်စာအုပ်များ၊ မဂ္ဂဇင်းဂျာနယ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေသခံသတင်းမီဒီယာသမားများထံ ပေးအပ်လှူဒါန်းသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းရှိန်၊ ပုသိမ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပုသိမ်မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာများ၊ သတင်းသမားများ၊ ရွာဝတီတိုင်း စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၁၀၀ ကျော်ခန့် တက်ရောက်ကြသည်။

**သတင်းစဉ်**




## မြိတ်မြို့ အထက(၃)၌ လူငယ်စကားဝိုင်းကျင်းပ

**မြိတ် စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍လူငယ်စကားဝိုင်းကို အထက (၃)၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်က အမှာစကားပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုချိုစန်းက ဦးဆောင်သူအဖြစ် ဆောင်ရွက်၍ အထက်တန်း ကျောင်းသား ကျောင်းသူရှစ်ဦးက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်



ပူတာအို စက်တင်ဘာ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲသို့ တက်ရောက်အားပေးသည်။

**အနိုင်ရဗိုလ်စွဲ**

အဆိုပါဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်အဖြစ် မန်စေကျေးရွာ ဘောလုံးအသင်းနှင့် ပန်းလှိုင်ရပ်ကွက် ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပန်းလှိုင်ရပ်ကွက် ဘောလုံးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဘောလုံးပွဲတွင် ရိုးရာအကဖြင့် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းခမ်းတီလူငယ်အကအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး၏ ဇနီးတို့က နှစ်သိမ့်ဆုရ ဘောလုံးအသင်းများနှင့် တတိယဆုရ ဘောလုံးအသင်းတို့ကိုလည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဒုတိယဆုရ ဘောလုံးအသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ပူတာအို အခြေချစစ်ဗျူဟာမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့မိမြို့ဖနှင့် တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံးကစားသမားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ ဘောလုံးအသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပထမဆုရအသင်းအတွက် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

---

# သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေး သင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၁၈

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အကျိုးရှိရှိအသုံးချ**

သင်တန်းဖွင့်ပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်က ယနေ့ကမ္ဘာပေါ်တွင် စတုတ္ထအဆင့် စက်မှုပြောင်းလဲမှု(4IR)၊ အသိဉာဏ်တု အသိပညာ (Artificial Intelligent – AI) တိုးတက်လာသောကြောင့်ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံမှုကွန်ရက် (www)သည် အလျင်အမြန်တိုးတက်လာနေပြီး ပြည်တွင်း/ ပြည်ပ သတင်းများသည် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ကမ္ဘာတစ်ဝန်း ပျံ့နှံ့လျက်ရှိပါကြောင်း၊ ထို့ကြောင့် သတင်းရေးသားရာတွင် သတင်းမှန်ကန်ရေး၊ မြန်ဆန်ရေးနှင့် ထိရောက်မှုရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ ယခုသင်တန်းတွင် သင်ကြားပေးမည့် ဓာတ်ပုံပညာနှင့် သတင်းဆိုင်ရာ ဘာသာရပ်များကို အရာထမ်း/ အမှုထမ်းများ အနေဖြင့် အကျိုးရှိရှိအသုံးချ၍ မိမိတို့ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ သင်တန်းနည်းပြများနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်း ဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။




**သင်ကြားပို့ချပေးမည်**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကိုပြည်သူများထံသို့ မှန်ကန်ထိရောက်သောအချက်အလက်များဖြင့် ပေးပို့နိုင်ရေးနှင့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သတင်း၊ မှတ်တမ်းတင်ပြချက် စွမ်းဆောင်ရည်များ တိုးတက်စေရန် ရည်ရွယ်၍ အဆိုပါဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေ သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေးပညာရပ်များကို ရက်သတ္တပတ် သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်းနှင့် အရာထမ်း/အမှုထမ်း ပေါင်း ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

❁ *ရွှေဖုံးမှ*

တင်ပို့သည့် ပို့ကုန်ပစ္စည်းများအနက် ဆန်ကွဲ၊ ပြောင်း၊ ပဲလွန်းဖြူ၊ မြေထောက်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ စွန်တာနီ၊ ပဲယဉ်း၊ နိုင်လွန်ပဲ၊ မြေပဲဆန်၊ ဗိုလ်ကိတ်ပဲ၊ ပဲနီကြား၊ ပဲကြီး၊ နှမ်းနက်၊ လက်ဖက်ခြောက်၊ ရော်ဘာကြမ်း၊ အရက်ဆီနှင့် CMP ပစ္စည်းများ တင်ပို့မှုပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုအုပ်စု၊ လုပ်ငန်းသုံးပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတို့ ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှု ပိုမိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုတစ်ပတ်တွင် အများဆုံးပို့ကုန် ၁၀ မျိုးမှာ ရော်ဘာ ၈၀၈ ဒသမ ၅၀၀ တန်၊ ပဲတီစိမ်း ၁၀၀ ဒသမ ၂၅၀၀ တန်၊ ပဲယဉ်း ၉၈၅ ဒသမ ၉၀၀ တန်၊ ပြောင်း ၁၉၅၁ ဒသမ ၅၀၀ တန်၊ မြေထောက်ပဲ ၂၆၆ ဒသမ ၅၀၀ တန်၊ ပဲလွန်းဖြူ ၅၇၈ ဒသမ ၅၀၀ တန်၊ ဆန်ကွဲ ၄၈၃ ဒသမ ၂၅၀ တန်၊ စွန်တာနီပဲ ၃၀၅ ဒသမ ၉၈၉ တန်၊ ပဲနီကြား ၃၅၈ ဒသမ ၀၀၀ တန်နှင့် CMP ၂၅၈၄၄ ခု ဖြစ်သည်။

ယခုတစ်ပတ်တွင် အများဆုံးသွင်းကုန် ၁၀ မျိုးမှာ ချည်ထည်များ ဒေါ်လာ ၅ ဒသမ ၀၄၉ သန်း၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်း ဒေါ်လာ ၂ ဒသမ ၈၆၃ သန်း၊ လုပ်ငန်းသုံးအခြားပစ္စည်း ဒေါ်လာ ၁ ဒသမ ၄၅၄ သန်း၊ အထည်အလိပ်များ ဒေါ်လာ ၁ ဒသမ ၂၅၁ သန်း၊ လူသုံးအခြားပစ္စည်း ဒေါ်လာ ၀ ဒသမ ၇၀၈ သန်း၊ ဓာတ်မြေဩဇာများ ဒေါ်လာ ၀ ဒသမ ၅၉၅ သန်း၊ သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၂၃၄ သန်း၊ ရင်းနှီးအခြားပစ္စည်း ဒေါ်လာ ၀ ဒသမ ၂၁၀ သန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၂၁၀ သန်း၊ စက်နှင့်စက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၁၉၆ သန်းဖြစ်ကြောင်း သိရသည်။

**DOT(ချင်းရွှေဟော်)**



ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်မိုးမိုးအေးသည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ဟင်္သာတခရိုင် တရားသူကြီး ဒေါ်အေးအေးခိုင်တို့နှင့်အတူ စက်တင်ဘာ ၁၈ ရက်က ဟင်္သာတအကျဉ်းထောင်အတွင်း အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများနေထိုင်သည့် အဆောင်၌ ကြည့်ရှုစစ်ဆေးမေးမြန်းစဉ်။ ခရိုင်(ပြန်/ဆက်)

# စိုက်ပျိုးမြေအားလုံးကိုလည်း အပြည့်အဝအသုံးချရန်ဆောင်ရွက်ကြရမည်၊ တစ်သီးစားစိုက်ပျိုးရုံမကဘဲ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**စစ်တွေ စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သံတွဲခရိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး ဂွမြို့နယ်မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် သံတွဲမြို့ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)သို့သွားရောက်ပြီး ကျောင်းအတွင်း ကျန်းမာရေးဦးစီးဌာနမှ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးကာ သင်ထောက်ကူပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျိန္တလီမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြကာ ဆေးကုသမှုခံယူနေကြသူများအား တွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဂွမြို့နယ် ရဟိုင်ကွင်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာဖော်ဆောင်ခြင်း မိုးစပါးမျိုးစေ့ထုတ်နှင့် အထွက်နှုန်းတိုးတက်ရေးစိုက်ကွင်း စိုက်ပျိုးအောင်မြင်နေမှုကိုလည်းကောင်း၊ ဂွချောင်းတံတား ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှုကြသည်။

**ဒေသခံပြည်သူများနှင့် တွေ့ဆုံ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဂွမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တိုင်းပြည်တစ်ပြည်တိုးတက်ရန် အခြေခံမှာ ပညာတတ်များပေါ်ကြွယ်ဝခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်နေသည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမြေအားလုံးကိုလည်း အပြည့်အဝအသုံးချရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်သီးစားစိုက်ပျိုးရုံမကဘဲ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုများ ပံ့ပိုးပေးနိုင်ရေး၊ ဈေးကွက်ဖော်ဆောင်ရေးတို့ကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးရမည်ဖြစ်ပြီး ဒေသထွက်ကုန်ကြမ်းများကို အခြေခံကာ ပြည်တွင်းလိုအပ်သည့် အခြေခံစားကုန်၊ သောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို အလုံအလောက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**

ယင်းနောက် တက်ရောက်လာကြသော မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက မြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

---



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက်က အမှတ်(၃) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(ပဲခူး) တပ်ဖွဲ့ခွဲမှူး ရဲမှူး ဖုန်းမြင့် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ ကိုရဲ



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ၁၇ရက်က မောက်မယ်မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းရာ မောက်မယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်၊ မြို့မစခန်းမှူး ဒုရဲမှူး မင်းနိုင်တို့က ကြည့်ရှုအားပေးပြီး အာဟာရဖြည့်အစားအစာများ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

---

■ *ရှေ့ဖုံးမှ*

သတ်မှတ်ထားသည့် ဂိတ်တို့မှ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့် စက်တင်ဘာ ၁၆ ရက်တွင်လည်း မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်းရုံးဝင်း၌ စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ခုနစ်ရက်စာ လူဦးရေ ၃၅၀၀ ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းစဉ်တွင် မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားမှူး ဦးရဲရင့်ထွန်းတို့၏ ဦးဆောင်မှုဖြင့် မူဆယ်မြို့နယ်ဦးစီးမှူး ဦးစန်းလွင်တို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မူဆယ်လူသားချင်းစာနာထောက်ထားမှုကွန်ရက် ကမ်းလက်ကူညီပရဟိတအသင်းဥက္ကဋ္ဌ ဦးဝင်းငွေးနှင့် အသင်းသူ၊ အသင်းသားများက ပူးပေါင်းပါဝင်ဆောင်ရွက်ကာ တန်းစီစောင့်ဆိုင်းနေသည့်လူ မှန်ကန်မှု ရှိ/မရှိ စိစစ်ခြင်း၊ e-ID မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ (Blacklist)အမည်မည်းစာရင်းနှင့် တရားခံပြေးစာရင်းများ ပါဝင်မှု ရှိ/မရှိ တို့ကို တစ်ပါတည်း စစ်ဆေးနိုင်ရန်အတွက်လည်း သက်ဆိုင်ရာ သတင်းတပ်ဖွဲ့နှင့် မှုခင်းတပ်ဖွဲ့များသို့ အမည်စာရင်း ကြိုတင်ပေးပို့ထားကြောင်း သိရသည်။ အဆိုပါရက်ချိန်းပေးစနစ်ဖြင့် ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်(TBP)များကို တစ်ရက်လျှင် လူဦးရေ ၅၀၀ နှုန်းဖြင့် နန်းတော်ဂိတ်မှ လူဦးရေ ၃၀၀ ဖြင့်လည်းကောင်း၊ ဆင်ဖြူဂိတ်မှ လူဦးရေ ၂၀၀ ဖြင့်လည်းကောင်း ဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (TBP) တစ်ခါသုံးကတ် လုပ်ဆောင်ရာတွင် မူဆယ်ခရိုင်/မြို့နယ်အဆင့်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့များနှင့်လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အသေးစိတ်စိစစ်ဆောင်ရွက်ပေးလျက်ရှိကာ လာရောက်လျှောက်ထားသူများပြားကြောင်း သိရသည်။

အဆိုပါ TBP တစ်ခါသုံးကတ် လုပ်ဆောင်ပေးသည့်နေရာတွင် ပြည်သူများကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အချိန်မီဆေးကုသမှုခံယူရန်အတွက်လည်း မူဆယ်မြို့ရှိ ကျန်းမာရေးအဖွဲ့ မိုင်းယု(၁၀၅)မိုင် ကြက်ခြေနီသူနာပြုအဖွဲ့က အရေးပေါ်ရှေးဦးပြုစုပေးပြီး လိုအပ်ပါက ဆေးကုသမှုအတွက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(မြန်မာ့အလင်း)**

---

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်အားပေးများအား ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးခြင်း”**ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းများ ပိတ်ဆို့ဖျက်ဆီး၍ ကုန်ပစ္စည်း ရှားပါးပြတ်လပ်ကာ ပြည်သူတွေ စားဝတ်နေရေးခက်ခဲအောင် ပြုလုပ်နေတဲ့ NUG နဲ့ PDF အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်အတွင်း သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံခြင်း ပြည်နယ်အဆင့်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ကယားပြည်နယ်အတွင်း အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ် မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံခြင်း ပြည်နယ်အဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး (HPV) ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစတင်၍ အသက် ၉ နှစ်နှင့် ၁၀ နှစ်ပြည့်ပြီးသော မိန်းကလေးများကို ထိုးနှံပေးခဲ့ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ကျောင်းအခြေပြုထိုးနှံခြင်းနှင့် အောက်တိုဘာလတွင် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်များဖြင့် ထိုးနှံပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်းရှိ ကျောင်းသူများ၊ ကျောင်းပြင်ပမိန်းကလေးငယ်များ အားလုံး သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံနိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများနှင့် အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး (HPV) ထိုးနှံခြင်း အထိမ်းအမှတ် Video Clip ကိုပြသပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကျောင်းကျန်းမာရေး အသိပညာပေးဆိုင်ရာပြခန်းများ၊ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV) ထိုးနှံပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး **(အပေါ်ပုံ)** ကာကွယ်ဆေး ထိုးနှံပြီးသော ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့တွင်း လမ်းအပိုင်းများ အဆင့်မြှင့်ကတ္တရာကွန်ကရစ်လမ်း ခင်းကျင်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အတွင်းရှိ အဆင့်မြှင့်ကတ္တရာကွန်ကရစ်လမ်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လမ်းတံတားများ တိုးချဲ့ဆောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့ရှိ ကျန်စုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနသို့ ရောက်ရှိ၍ ကျန်စုပြည်နယ် ကျန်းမာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကျန်စုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ဦးစွာ ကျန်စုပြည်နယ် ကျန်းမာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Zhou Minghao က နှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ်နိုင်ငံ ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက လက်ရှိတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်မျိုးသားလုံး သက်ရှည်၊ ကျန်းမာ၊ ကြံ့ခိုင်ရေးအတွက် အထူးဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် နေပြည်တော်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာရောဂါ ကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးသင်တန်းကျောင်း (Myanmar Center for Disease Control and Health Staff Training Center) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကြာမီဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်လျက်ရှိပါကြောင်း၊ ထိုသို့ဖွင့်လှစ်ဆောင်ရွက်ခြင်းအားဖြင့် နောင်ဖြစ်ပေါ်လာမည့် ကပ်ရောဂါအသစ်များနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျွမ်းကျင်ပညာရှင်များ စေလွှတ်၍ သင်တန်းပေးနိုင်ရေးနှင့် နှစ်နိုင်ငံ ကျန်းမာရေးပညာရှင်များ အပြန်အလှန် စေလွှတ်မည့် ကိစ္စများအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ်ကိုယ်စားလှယ်များက ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ငှက်ဖျားရောဂါအပါအဝင် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍသစ်တွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများသည် အမှတ်တရလက်ဆောင်များ အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ကျန်စုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနမှ တာဝန်ရှိသူများက ဇီဝလုံခြုံမှုအဆင့် (၃) ရှိ ဗိုင်းရပ်စ်ရောဂါပိုးများ စစ်ဆေးသည့်ဓာတ်ခွဲခန်း၊ အစားအသောက်နှင့် ရောဂါပိုးမွှားများ စစ်ဆေးသည့် ဓာတ်ခွဲခန်းများ၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စစ်ဆေးသည့်ဓာတ်ခွဲခန်းများကို လိုက်လံရှင်းလင်းပြသခဲ့ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းခဲ့ကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးကြသည်။ **(အပေါ်ဝဲပုံ)**

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် တရုတ်နိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၈**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံ စားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် ဝမ်ဆိုင်းဒေသရှိ သက်တမ်းရင့်လက်ဖက်ပင်များအား ကွင်းဆင်းကြည့်ရှု

ကျိုင်းတုံ စက်တင်ဘာ ၁၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နောင်တုံကန်နှင့် ကျိုင်းတုံဟော်နန်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ကျိုင်းတုံဗုဒ္ဓဥယျာဉ်တော်သို့ရောက်ရှိပြီး သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အဖွဲ့သည် တာချီလိတ်မြို့ နဂါးနှစ်ကောင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသီရိအား သွားရောက်ဖူးမြော်ပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကို မေးမြန်းလျှောက်ထား၍ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် တာချီလိတ်ရွှေတိဂုံစေတီတော်အား သွားရောက် ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**သွားရောက်ကြည့်ရှုအားပေး**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ကျိုင်းတုံမြို့နယ် ဝမ်ဆိုင်းဒေသသို့ သွားရောက်၍ သက်တမ်းရင့်လက်ဖက်ပင်များ စီးပွားဖြစ်စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးကြပြီး **(အပေါ်ပုံ)** ဝမ်ဆိုင်းဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဗုဒ္ဓစာပေအဖွဲ့က ရိုက်နှိပ်ထုတ်ဝေသော ပိဋကသုံးပုံပါဠိတော် အုပ်ရေ ၄၀၊ ကွန်ပျူတာစာမူ Soft Copy နှင့် အဘိဓာန်ကျမ်းစာအုပ်များ လှူဒါန်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

ရွှေသုဝဏ္ဏ ဆရာတော်ကြီး ဦးဆောင်သော ဗုဒ္ဓစာပေအဖွဲ့၏ ပိဋကသုံးပုံပါဠိတော် အုပ်ရေ ၄၀၊ ကွန်ပျူတာစာမူ Soft Copy နှင့် အဘိဓာန်ကျမ်းစာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့ ချမ်းမြေ့ရိပ်သာ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇနာဘိဝံသ (သ-စ-အ ဓမ္မာ စရိယ) မထေရ်မြတ်၊ မန္တလေးမြို့ မဟာသုန္ဒရာ ရာမကျောင်းတိုက်၊ ရန်ကုန်မြို့ ဓမ္မစကြာရိပ်သာ ကျောင်းတိုက်နှင့် မဟာသုန္ဒရာ ရာမခိုင်သစ္စာကျောင်းတိုက်များ၏ ပဓာနနာယက၊ ဗုဒ္ဓစာပေအဖွဲ့ ဦးဆောင်နာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ ဓမ္မာစရိယ၊ ဇေယျာလူမှုထူးချွန် ပထမဆင့် လက်ပံတောင်းဆရာတော် ဘဒ္ဒန္တ အာဝုဓ မထေရ်မြတ်နှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗုဒ္ဓစာပေအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဒ္ဒန္တသုဇနာဘိဝံသ (သ-စ-အ ဓမ္မာစရိယ) မထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗုဒ္ဓစာပေအဖွဲ့၊ ဒုတိယရုံးအဖွဲ့မှူးက ပိဋကသုံးပုံပါဠိတော် အုပ်ရေ ၄၀၊ ကွန်ပျူတာစာမူ Soft Copy တို့ကို လည်းကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေဦးစိန်လှဝင်းက ဗုဒ္ဓစာပေအဖွဲ့၏ ဦးဆောင်နာယက လက်ပံတောင်းဆရာတော် လှူဒါန်းသည့် ပဋ္ဌာန်းကျမ်းစာအုပ် အစုံ ၁၀၀ ကို လည်းကောင်း၊ ဦးကျော်ညွန့် မိသားစုက ပိဋကသုံးပုံ ပါဠိတော်နှင့် အဘိဓာန်ကျမ်းစာအုပ်များကိုလည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

**ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်**

ယင်းနောက် ဗုဒ္ဓစာပေအဖွဲ့၏ ဦးဆောင်နာယက လက်ပံတောင်းဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများက ချမ်းမြေ့ရိပ်သာ ကျောင်းတိုက်အတွက် ပစ္စည်းလေးပါး ငွေပဒေသာပင် ငွေကျပ်သိန်း ၅၀ ကို ဆရာတော်၏ ကပ္ပိယကာရက ဦးအေးသော်က လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ပြီး ဗုဒ္ဓစာပေအဖွဲ့သို့ ငွေကျပ်သိန်း ၂၀ လှူဒါန်းသည်။

ဆက်လက်၍ လက်ပံတောင်းဆရာတော် ဘဒ္ဒန္တ အာဝုဓမထေရ်မြတ်က လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ဩဝါဒကထာမြွက်ကြားရာတွင် ရွှေသုဝဏ္ဏဆရာတော်ကြီးသည် သာသနာ့သမိုင်းတွင် ပါဠိတော်၊ အဋ္ဌကထာနှင့် ကျမ်းပေါင်း မြောက်မြားစွာဖော်ထုတ်ပြီး ယခုကဲ့သို့ ရိုက်နှိပ်ခဲ့ပါကြောင်း၊ ဆရာတော်ကြီးက ပါဠိတော်များကို ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ခြောက်နှစ်တာကြာအောင် ကွန်ပျူတာဖြင့် စာစီရပါကြောင်း၊ ငွေပမာဏအနေဖြင့် သိန်းပေါင်းတစ်သောင်း ကုန်ကျပါကြောင်း၊ ပါဠိတော်များကို ကွန်ပျူတာစာမူ ပြုလုပ်ရာတွင် ဆရာတော်ကြီးက တပည့်ပညာရှင်များနှင့် ခက်ခက်ခဲခဲ ခြောက်နှစ်ကြာအောင် ပြုစုထားခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းစာမူများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်းရန် ဗုဒ္ဓစာပေအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ယနေ့အခမ်းအနားတွင် လှူဒါန်းခြင်းဖြစ်ကြောင်း မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဗုဒ္ဓစာပေအဖွဲ့ဝင် ဘဏ္ဍာရေးမှူး ဦးဘုန်းနိုင်က ဗုဒ္ဓစာပေအဖွဲ့သမိုင်းနှင့် ပိဋကသုံးပုံပါဠိတော်အုပ်ရေ ၄၀၊ ကွန်ပျူတာစာမူ Soft Copy လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်သည်တော်များက မန္တလေးတိုင်းသံဃနာယကအဖွဲ့ဝင်၊ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက်၊ အလယ်ရွှေကျောင်းကြီး ဆရာတော် ဘဒ္ဒန္တဓမ္မဓိပတျာလင်္ကာရ မထေရ်မြတ်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးတိုင်းဒေသကြီး ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး စက်တင်ဘာ ၁၈**


ပဲခူးတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ “ရာသီဥတုပြောင်းလဲမှု လျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့အားလုံး ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတွင် မိမိတတ်နိုင်သည့်၊ မိမိတို့နှင့်သက်ဆိုင်သည့် အခန်းကဏ္ဍများကနေပြီး ပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသည့် ဓာတ်ငွေ့များ ကင်းဝေးစေရေး၊ ရာသီဥတုပြောင်းလဲမှု တားဆီးလျှော့ချနိုင်ရေးတို့မှတစ်ဆင့် ပစ္စုပ္ပန်နဲ့ အနာဂတ်မျိုးဆက်များအတွက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြသည်။ ယင်းနောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်း အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေး၊ NCA သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၈)နှစ်မြောက် အခမ်းအနား ကျင်းပမည့်ကိစ္စ အပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကဏ္ဍများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ၌ ဒေသဖွံ့ဖြိုးလုပ်ငန်းများ အကောင်အထည် ဖော်နေမှုနှင့် သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးတောကျေးရွာ ယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရုံးတောကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ဆိုလာစွမ်းအင်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးမည့် အစီအမံများနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေရေး မိုးသီးနှံအပြီးတွင် ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးပြီး သီးထပ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် အထွက်နှုန်းတိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ လက်ရှိ စိုက်ပျိုးနေသော စပါးမျိုးများအပြင် အထွက်နှုန်း ကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ လိုအပ်သည့် စိုက်ပျိုးနည်းစနစ်နှင့် စိုက်ပျိုးရေရရှိရေးကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏ ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်း၊ စိုက်ပျိုးရေရရှိရေးနှင့် နည်းပညာလိုအပ်မှု တင်ပြချက်များကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းမှ ရုံးတောကျေးရွာ အဝင်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားပြီး ရုံးတောကျေးရွာ သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရွှေတောင်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ရွှေတောင် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း ခလရ (၁၄) ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်နိုင်ဝင်းတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်နှင့် ဆရာမဒေါ်ဝါဝါလွင်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး အ.လ.က၊ ခလရ(၁၄)ကျောင်းမှ Grade-9 ကျောင်းသူ မထက်ရွှေရည်ဝင်းက လူငယ်နှင့်နည်းပညာ၊ Grade-8 ကျောင်းသူ မသော်သော်ရွှေရည်က လူငယ်နှင့် ပညာရေး၊ Grade-6 ကျောင်းသား မောင်ဖြိုးတေဇစိုးအောင် က လူငယ်နှင့် အားကစား၊ Grade-7 ကျောင်းသား မောင်ခန့်တည်ငြိမ်က လူငယ်နှင့် မူးယစ်ဆေးဝါး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသူကျောင်းသား ကျောင်းသူများက ကဏ္ဍအလိုက် သိရှိလိုသည်များ မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



ကိုကိုမင်း(ပြန်/ဆက်)



# အ.ထ.က(၁)ပြည်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**ပြည် စက်တင်ဘာ ၁၈**

ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်မြို့ နန်းတော်ဝင်စာပေတိုက်တို့ ပူးပေါင်းကျင်းပသော "လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ" ကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ အဆိုပါကျောင်း သိရီရတနာခန်းမ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပရာ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရွှေဝါဖူးက "လူငယ်နှင့် ဘဝရည်မှန်းချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်နှင်းဆီရွှေက "လူငယ်နှင့် စိတ်ဓာတ်မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောဆွေးနွေးသည်။

ယင်းနောက် ဟောပြောပွဲတက်ရောက်လာသော ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူများက ရန်ကုန်မြို့ နန်းတော်ဝင်စာပေတိုက်၏ စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို လေ့လာကြည့်ရှုအားပေးကြသည်။

ကိုဆက်(ပြန်/ဆက်)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

## တရားမအထူးအယူခံမှု (၁၀)မှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၃၇/၂၀၂၂ (ရန်ကုန်)၊ ၃၈/၂၀၂၂ (ရန်ကုန်)၊ ၃၉/၂၀၂၂ (ရန်ကုန်)၊ ၅၇/၂၀၂၂ (ရှမ်း)၊ ၄၀/၂၀၂၂ (စစ်ကိုင်း)၊ ၃/၂၀၂၃ (ရှမ်း)၊ ၄/၂၀၂၃ (ရှမ်း)၊ ၁၀၃/၂၀၁၉ (မန္တလေး)၊ ၂၀/၂၀၂၁ (ကချင်) နှင့် ၄၆/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၁၀)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၃၂/၂၀၂၂ (ရခိုင်)၊ ၄၅/၂၀၂၂ (ရခိုင်)၊ ၆/၂၀၂၃ (ပဲခူး)၊ ၁၂/၂၀၂၃ (မန္တလေး) နှင့် ၁၄/၂၀၂၃ (မကွေး) စုစုပေါင်း တရားမ အထူးအယူခံမှု (၅)မှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် (၇)ကြိမ်မြောက် အာဆီယံ-တရုတ် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖိုရမ် ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှု (Belt and Road Initiative – BRI) တွင် ပါဝင်သည့် နိုင်ငံများအတွက် သွင်းကုန်နှင့် ပို့ကုန်အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုညီလာခံသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနနှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရတို့ ပူးပေါင်းကျင်းပသည့် (၇) ကြိမ်မြောက် အာဆီယံ-တရုတ် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။




အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနဝန်ကြီး၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့ အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ တရုတ်နိုင်ငံဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် Mr. Qu Sixi တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အဖွင့်အမှာစကား ပြောကြားရာတွင် **(အပေါ်ပုံ)** ယနေ့ကျင်းပပြုလုပ်သည့် ဖိုရမ်သည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအပေါ်မူတည်၍ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို အဓိကဆွေးနွေးကြမည်ဖြစ်သည့်အတွက် ကောင်းမွန်သည့် ရည်ရွယ်ချက်နှင့် အချိန်ကောင်းပင်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများကို ကျော်လွှားနိုင်ရေးအတွက် “အာဆီယံဒေသ ပြန်လည်ထူထောင်နိုင်ရေးအတွက် ပြီးပြည့်စုံသော လုပ်ငန်းစဉ်များ ပါဝင်သည့် မူဘောင်တစ်ခု” ရေးဆွဲပြီး (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးမှ လက်ခံအတည်ပြုပြီးဖြစ်ပါကြောင်း၊ အဆိုပါ မူဘောင်တွင် ပါဝင်ရေးဆွဲထားသော မဟာဗျူဟာ (၅) ရပ်အနက် အာဆီယံနိုင်ငံများအကြား ဈေးကွက်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ် နည်းပညာအသွင်ကူးပြောင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ဟူသည့် မဟာဗျူဟာအချက် (၂) ချက်ကို အထူးအရေးပေးဆောင်ရွက်သင့်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများ၏ အရေးကြီးသော ကုန်သွယ်မှု မိတ်ဖက်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွက်လည်း အရေးပါသည့် ကုန်သွယ်မှု မိတ်ဖက်နိုင်ငံဖြစ်သည့်အပြင် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအရ ဒေသတွင်းစားနပ်ရိက္ခာတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့် ဖိုရမ်မှ ဆွေးနွေးချက်များအရ ထွက်ရှိလာမည့် ရလဒ်ကောင်းများအပေါ်မူတည်ပြီး ဒေသတွင်း၌ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် အတူတကွ ပူးတွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန (MARA) ဝန်ကြီး H.E. Mr. Tang Renjian နှင့် နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ မျိုးစေ့နှင့် ဇီဝအရင်းအမြစ်များ အပြန်အလှန်ဖလှယ်နိုင်ရေး၊ စိုက်ပျိုးရေးသိပ္ပံဆိုင်ရာ သုတေသနစီမံကိန်းများ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အပူပိုင်းဒေသသီးနှံဆိုင်ရာ စံပြစိုက်ခင်းများ ထူထောင်ရေးတို့ကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံဘက်မှ ခေတ်ရွှေ့ခန်းဆိုင်ရာ ကျွမ်းကျင်သူများအတွက် မွမ်းမံသင်တန်းများ၊ မြစ်ဝကျွန်းပေါ်ဒေသရှိ ရေငန်တားတာနှင့် ရေထိန်းတံခါးများ တည်ဆောက်ရေးအတွက် စူးစမ်းလေ့လာရေးလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းများ၊ ရေငန်နှင့် ရေချိုငါးမျိုးစိတ်များ မျိုးဗီဇမြှင့်မွေးမြူခြင်းဆိုင်ရာ နည်းပညာအထောက်အပံ့များကို ရယူလိုပါကြောင်း၊ ခေတ်သစ်ငါးလုပ်ငန်းစက်မှုဇုန်တည်ဆောက်ရန် စိတ်ဝင်စားမှုရှိပါကြောင်း၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ထိန်းချုပ်ခြင်းကို South–South Cooperation (SSC) အစီအစဉ်ဖြင့် တိုးမြှင့်ဆောင်ရွက်လိုပါကြောင်းနှင့် မြန်မာနိုင်ငံ၌ ပြောင်းချဉ်ဖတ်ကို အမြောက်အမြား တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် တရုတ်ကုမ္ပဏီများက လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးတို့ကိုလည်း အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှပြခန်း ၈၀ ဆက်လက်ပြသ

**နေပြည်တော် စက်တင်ဘာ ၁၈** တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို စက်တင်ဘာ ၁၆ ရက်မှ စတင်၍ တရုတ်နှင့်အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများကို ပြသလျက်ရှိရာ ယနေ့တွင်





တတိယနေ့အဖြစ် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ဖြင့် ဆက်လက်ပါဝင်ပြသလျက်ရှိသည်။

မြန်မာကုန်စည် ပြခန်းများတွင် လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ထောပတ်သီး၊ ရေထွက်ကုန်များ၊ မြန်မာ့လက်မှုအနုပညာ ပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်များ၊ မြန်မာ့ကျောက်မျက်လက်ဝတ်ရတနာ ပစ္စည်းများကို စုံလင်စွာခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

အဆိုပါကုန်စည်ပြပွဲ တတိယနေ့တွင် ယခင်နေ့များနည်းတူ မြန်မာ့ ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စား၍ လာရောက်လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး နှစ်လိုဖွယ်ရာ မြို့ပြခန်းဆောင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက် ကပြလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၅) ကြိမ်မြောက် တရုတ် - အာဆီယံ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ထိပ်သီးဖိုရမ်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

**(၁၅) ကြိမ်မြောက် တရုတ် – အာဆီယံ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ထိပ်သီးဖိုရမ်ကို ယနေ့ နံနက် ၉ နာရီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ခေါင်းဆောင်သည့်အဖွဲ့ တက်ရောက်ခဲ့ပြီး အာဆီယံဗဟိုဘဏ်အကြီးအကဲများက မိန့်ခွန်းပြောကြားကြသည်။**



အစီအစဉ်အရမြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ပြောကြားရာတွင်(ယာပုံ) တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ခိုင်မာသည့် မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ယခုဖိုရမ်အတွင်း ဒေသတွင်းစီးပွားရေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အာရှပိုးလမ်းမကြီးဖော်ဆောင်မှု(Belt and Road Initiative)အရ ငွေရေးကြေးရေးဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်အချက်များကို အတည်ပြုဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ငွေရေးကြေးရေးတည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရေးနှင့် ငွေရေးကြေးရေးဆိုင်ရာပေါင်းစည်းမှုများအား ပိုမိုနက်ရှိုင်းစွာ မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကို ဆောင်ရွက်ရန် ကတိကဝတ်ပြုခဲ့ကြသည်ကို အလေးအနက်ထား ပြောကြားလိုပါကြောင်း။

ယနေ့အချိန်အခါတွင် တစ်ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုအခက်အခဲများဖြစ်သည့် ငွေရေးကြေးရေးအခြေအနေဆိုင်ရာ မတည်ငြိမ်မှုများ၊ ဈေးကွက်မတည်မငြိမ်ဖြစ်မှုများကြောင့် ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့၏ ငွေကြေးစနစ်များ တည်ငြိမ်စေရေးနှင့် အမေရိကန်ဒေါ်လာအပေါ် မှီခိုအားထားရမှုကို လျှော့ချနိုင်ရေး ကြိုးပမ်းအားထုတ်နေကြပြီး ဒေသတွင်း ဆန်းသစ်တီထွင်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်လိုအပ်ပါကြောင်း၊ တရုတ်ယွမ်၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်လာခဲ့ပြီး နယ်စပ်ဖြတ်ကျော် ပေးချေမှုများအတွက် ကုန်သွယ်မှုဆိုင်ရာ ပေးချေမှုငွေကြေးအဖြစ် တတိယနေရာသို့ ရောက်ရှိလာခဲ့ပါကြောင်း၊ အာရှပိုးလမ်းမကြီးဖော်ဆောင်မှု (Belt and Road Initiative) နည်းဗျူဟာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ မဟာစီမံကိန်း (Master Plan) များကြောင့် ငွေရေးကြေးရေးဆိုင်ရာ ချိတ်ဆက်နိုင်မှုများ ပိုမိုအားကောင်းခိုင်မာလာပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အာရှပိုးလမ်းမကြီးဖော်ဆောင်မှု (Belt and Road Initiative) မှတစ်ဆင့် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် အထောက်အပံ့များရရှိနိုင်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ စီမံကိန်းများအတွက် အခြေခံအဆောက်အဦ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချိတ်ဆက်မှုများနှင့်စပ်လျဉ်း၍ အခွင့်အလမ်းကောင်းများအား အရှိန်မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှင့်ပတ်သက်၍ ယွမ်-ကျပ်အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မိမိတို့ နှစ်နိုင်ငံ၏ ပထဝီဝင်အနေအထားအရ နယ်စပ်ဖြတ်ကျော် ပေးချေမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အလားအလာကောင်းများ လမ်းဖွင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြားမိတ်ဖက်ဆက်ဆံရေး၌ ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးပါပါကြောင်း၊ ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ချဲ့ထွင်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းတို့သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေရေးကြေးရေးတွင် အားလုံးပါဝင်လာနိုင်မှု စသည်တို့အပေါ် အထောက်အကူဖြစ်စေပါကြောင်း၊ မိမိတို့အနေဖြင့် ငွေရေးကြေးရေးတည်ငြိမ်ရေး မြှင့်တင်ဆောင်ရွက်နိုင်ရန်အလို့ငှာ နယ်စပ်ဖြတ်ကျော်ငွေလွှဲပြောင်းပေးချေမှုများ၌ ငွေရေးကြေးရေးဆိုင်ရာ ချိတ်ဆက်မှုများ ပိုမိုအားကောင်းခိုင်မာစွာ ဆောင်ရွက်နိုင်စေရန် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ ဖိုရမ်သို့ ကွမ်ရှီးပြည်နယ်အစိုးရအကြီးအကဲ မစ္စတာလျူနင်း (Mr. Liu Ning) ခေါင်းဆောင်သောအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားသုံးငွေနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယအကြီးအကဲ၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ ICBC ၊ BOC ၊ ABC ၊ CCB ၊ CDB၊ ADB ၊ EXIM Bank of China ဘဏ်များမှ အကြီးအကဲများ၊ China Insurance Corporation မှ အကြီးအကဲများ၊ ပေကျင်း၊ ရှန်ဟိုင်းနှင့် ရှန်ဇင်း Stock Exchange မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက်ဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်

လေရှီး စက်တင်ဘာ ၁၈

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်သည့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ခံပညာရေးမှူး၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများ၊ ဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ခံပညာရေးမှူးက တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသား ကျောင်းသူ ၂၂ ဦးတို့ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ချီးမြှင့်သည့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဂျိုင်းလော**

❑*ကျော့ဖုံးမှ*

စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် GSD ဂျင်စင်း အချိုရည် ပုလင်း ၈၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Verage ခရီးဆောင်အိတ် ၁၃၅လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၂၅၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် HDPE Plastic Sheets ၁၉၀၀၀ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၉၄၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် SIDEL လေမှုတ်စက် အပိုပစ္စည်းများ ၁ ဒသမ ၀၉၆ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၁၀၉၄)ကို လည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Golden Bodhi စတီးထမင်းချိုင့်အလုံး ၆၀၀၊ စောင် ၅၂၀၀ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၂၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၅၀၃၅၉၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Siam Foods ကော်ဖီကွတ်ကီး ၄၈၀၀၀ဂရမ် အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ် ၁ ဒသမ ၀၄၆တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၃၂၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၃၈၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၇၄၁၇၉၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

❍ *ကျော့ဖုံးမှ*

အုပ်စု (B) တွင် ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ အီရန်၊ မွန်ဂိုလီးယား၊ အုပ်စု (C)တွင် ဥဇဘက်ကစ္စတန်၊ ဟောင်ကောင်၊ အုပ်စု (D) တွင် ဂျပန်၊ ပါလက်စတိုင်း၊ ကာတာ၊ အုပ်စု (E) တွင် တောင်ကိုရီးယား၊ ဘာရိန်း၊ ထိုင်း၊ ကူဝိတ်၊ အုပ်စု (F)တွင် မြောက်ကိုရီးယား၊ အင်ဒိုနီးရှား၊ ကာဂျစ္စတန်၊ တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ အုပ်စု (C) တွင် ပါဝင်နေသည့်အသင်းများအနက် ဆီးရီးယားအသင်းနှင့် အာဖဂန်နစ္စတန်အသင်းနုတ်ထွက်သွားသဖြင့် ဥဇဘက်ကစ္စတန်နှင့် ဟောင်ကောင်အသင်းသာ ကျန်ရှိတော့ပြီး နှစ်ကျော့စနစ်ဖြင့် ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၆ သင်းမှာ ရှုံးထွက်အဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ကိုညီလေး**

❖*ကျော့ဖုံးမှ*

နှစ်သင်းကြား ခြေစွမ်းကွာဟမှု ကြီးကြီးမားမားမရှိသော်လည်း ဆိုစီဒက်အသင်းက ရရှိလာသည့်အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ယခုပွဲစဉ်တွင် နယူးကာဆယ်နှင့် စတုတ်တိုက်စစ်ကစားသမားဟောင်း ဂျူဆီလူ ခြေစွမ်းပြသနိုင်ခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးရယူနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဗယ်လ်ဗာဒီနှင့် ဂျူဆီလူတို့က သွင်းယူပေးနိုင်ခဲ့ပြီး ဆိုစီဒက်အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ဘာရန်နက်ဇ်ထွီက သွင်းယူပေးနိုင်ခဲ့သည်။ လာမည့်ပွဲစဉ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်အသင်းက ယူနီယံဘာလင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆိုစီဒက်က အင်တာမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

# "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၄) (ရခိုင်ပြည်နယ်အစိုးရအဖွဲ့)

မြင့်စိုး(နတလ)

### မိုခါအလွန် ရခိုင်ဒေသ

ရခိုင်ပြည်နယ်အတွင်းသို့ "မိုခါ" မုန်တိုင်း ဝင်ရောက်တိုက်ခတ်သည့် အချိန်ကာလမှာ စက်တင်ဘာ ၁၄ ရက်က လေးလပြည့်ခဲ့ပြီ။ မုန်တိုင်းဒဏ်သင့် မေလ ၁၄ ရက်နေ့ မှ ယနေ့ချိန်အထိ ကာလတစ်လျှောက်လုံး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှု၊ အနီးကပ်ကြီးကြပ်ကွပ်ကဲနေသော ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက် ပူးပေါင်းကူညီဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြိုတင်မျှော်တွေး စီစဉ်ဆောင်ရွက်မှုများနှင့် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်မှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုကို အနည်းဆုံးကိန်းဂဏန်းများဖြစ်အောင် လျှော့ချတုံ့ပြန်နိုင်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံတော်တော်များများက မျှော်မှန်းထားသလောက်၊ ထင်သလောက် မဖြစ်ပွားအောင် တားဆီးကာကွယ်နိုင်ခဲ့သည်။ မိုင် ၁၀၀ ကျော် လေတိုက်နှုန်းပြင်းအားက မကြီးမား၍ မဟုတ်၊ ကွပ်ကဲကြပ်မတ်သူများ၏ အမြော်အမြင် ကြီးမားမှု၊ ကြိုတင်စုဖွဲ့စီမံဆောင်ရွက်နိုင်မှု၊ အဖွဲ့အစည်းအဆင့်ဆင့်၏ အမိန့်နာခံတတ်မှု၊ အရေးကြီးလျှင် သွေးနီးတတ်သော မြန်မာ့စိတ်ဓာတ်၊ စိတ်ရင်းစိတ်ထားတို့ကြောင့် "မိုခါ" သည် ရခိုင်ဒေသကို ဦးညွှတ်ထွက်ခွာသွားခဲ့သည်။

"မိုခါ" အလွန်ကာလတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လျင်မြန်သွက်လက်စွာ ဆောင်ရွက်ခဲ့ကြပြီးနောက် ရခိုင်ဒေသသည် မူလအခြေအနေနီးပါးသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုမူ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပေးနေဆဲ ဖြစ်သည်။ မုန်တိုင်းသင့် ရခိုင်ပြည်နယ်သို့ အစောဆုံးရောက်သည့်အထဲတွင် မပါဝင်သော်လည်း နောက်အကျဆုံး ပြန်ခဲ့သူများမှာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ စာရေးသူ ကျွန်တော်တို့ဖြစ်ပါသည်။ ဇူလိုင်လ ၃၁ ရက်တွင် စစ်တွေမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြ၏။ မပြန်ခင်လေးမှာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ဦးဆောင်၍ ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသော မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေး၊ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲမှာ ကျွန်တော်တို့ သုံးဦးစလုံး ပါဝင်ဆင်နွှဲခဲ့ကြသေးသည်။ ဌာနဆိုင်ရာဝန်ထမ်းများ (သက်ကြီးဝန်ထမ်းများ)နှင့် စစ်တွေတက္ကသိုလ်မှ သမီးပျိုလေးများအသင်းတို့ ကစားခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆုများချီးမြှင့်ခဲ့သည်။

### အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပ

မကြာမီ နေပြည်တော်၌ ကျင်းပပြုလုပ်တော့မည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ဘာသာရပ်အလိုက် အဆင့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်ပွဲများ ရယူနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း ခရိုင်အဆင့်ပြိုင်ပွဲများကို စက်တင်ဘာ ၅ ရက်တွင် စတင်ဖွင့်လှစ်ယှဉ်ပြိုင်ခဲ့ကြသည်။ မောင်တောခရိုင်၊ တောင်ကုတ်ခရိုင်၊ ကျောက်ဖြူခရိုင်၊ အမ်းခရိုင်၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်နှင့် သံတွဲခရိုင်တို့တွင် သက်ဆိုင်ရာ တာဝန်ရှိသူများက တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့သည်။



စစ်တွေညဈေးကို စက်တင်ဘာ ၉ ရက်က ဖွင့်လှစ်ပြီးနောက် ဒေသခံပြည်သူများဖြင့် စည်ကားနေစဉ်။

**"မေလ ၁၄ ရက် နံနက်ပိုင်းမှစ၍ မိုခါသည် လေတိုက်နှုန်း တစ်နာရီ မိုင် ၁၂၀ ခန့်ဖြင့် ရခိုင် ကမ်းရိုးတန်းဒေသ စစ်တွေမြို့အနီးမှ ဖြတ်သန်းဝင်ရောက်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ ကူညီကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရသည်။ ပြန်လည်ထူထောင်ရေး၊ ထောက်ပံ့ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သလို ကျန်းမာရေးနှင့် ဝမ်းလျှောဝမ်းပျက်အပါအဝင် ကပ်ရောဂါဘေးတို့ ကင်းဝေးစေရန် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်"**

### လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်ထဲမှ လူမှုရေးဦးတည်ချက် (၃) ရပ်သည် နိုင်ငံတော်၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ မြင့်မားတိုးတက်လာစေရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးတို့အတွက် ဦးတည်ချက်များ ချမှတ်ကျင့်သုံးနေခြင်း ဖြစ်ပါသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စစ်တွေတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် စစ်တွေခရိုင် ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်း၊ စစ်တွေတက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ နည်းပြ ဒေါ်မေဘုတို့ ဦးဆောင်၍ ဘာသာရပ်အလိုက် ကျောင်းသားကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် လောကနီတိ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။ လူငယ်စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့်လည်း အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းနှင့် အကဖျော်ဖြေရေး အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။ ဤမြင်ကွင်း၊ ဤလှုပ်ရှားမှုများသည် မိုခါမုန်တိုင်းအလွန်ကာလ ရခိုင်ပြည်နယ်၏ လန်းဆန်းတက်ကြွသော၊ လင်းလက်တောက်ပသော၊ စဉ်ဆက်မပြတ်ရှင်သန်လှုပ်ရှားနေသော ပုံရိပ်များအဖြစ် တွေ့မြင်ရမည် ဖြစ်သည်။

### စစ်တွေညဈေး ဖွင့်လှစ်ပြီ

သည်တစ်ခါမှာတော့ဖြင့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ထူးခြားသော စွမ်းဆောင်မှုတစ်ခု ပေါ်ထွက်လာခဲ့သည်။ စစ်တွေမှာ ညဈေးဖွင့်လှစ်လိုက်ပြီ...တဲ့။ စက်တင်ဘာ ၉ ရက် ညနေပိုင်းက စစ်တွေမြို့ ကမ်းနားလမ်းနှင့် အကောက်ရုံလမ်းဆုံ၊ သံပုရာသီးခွဆုံနေရာ၌ ညဈေးဖွင့်ပွဲ အခမ်းအနားပြုလုပ်ခဲ့ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တပျော်တပါး တက်ရောက်ကြပါသည်။ ၎င်းညဈေးတန်းတွင် အစားအသောက်ဆိုင်ခန်း ၂၀၊ မုန့်ပဲသရေစာဆိုင်ခန်း ၃၃ ခန်း၊ လူသုံးကုန်ပစ္စည်းဆိုင်ခန်း ၂၄ ခန်း၊ အထွေထွေပစ္စည်းဆိုင်ခန်း ၁၀ ခန်း စုစုပေါင်း ၈၇ ခန်းဖြင့် စတင်ဖွင့်လှစ် ရောင်းချလျက်ရှိပြီး ယခုထက်ပို၍ စည်ကားများပြားလာပါက နေရာတိုးချဲ့စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညဈေးဖွင့်လှစ်သည့် ရည်ရွယ်ချက်လည်းကောင်းပါသည်။ စစ်တွေမြို့တွင်း အဓိကလမ်းများ၌ အလျဉ်းသင့်သလို ဈေးဆိုင်များ တည်ဆောက်၍ ရောင်းချနေကြသူများ၊ လမ်းဘေးဈေးရောင်းသူများ၏ စားဝတ်နေရေး အဆင်ပြေစေရန်၊ မြို့သန့်ရှင်းသာယာလှပမှုကို မထိခိုက်စေရန်၊ ပြည်သူလူထု စိတ်အပန်းပြေစွာဖြင့် ဝယ်ယူအားပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် ရခိုင်ပြည်နယ် စစ်တွေမြို့သည်လည်းပဲ အခြားပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးမှ မြို့ကြီးများနည်းတူ ရင်ပေါင်တန်း လုပ်ဆောင်နိုင်စွမ်းရှိကြောင်း ပြသလိုက်ခြင်းပင် ဖြစ်သည်။ မိုခါမုန်တိုင်းသင့် ရခိုင်ဒေသမှာ ယခုကဲ့သို့ ညဈေးဖွင့်လှစ်ခြင်း၊ လူငယ်စကားဝိုင်းများ၊ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲများနှင့် ဖူဆယ်ပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ခြင်းသည် ရခိုင်ပြည်နယ်သူပြည်နယ်သားတို့၏ စိတ်ဓာတ်ခွန်အား ပြန်လည်မြင့်မားလာမှုကို မီးမောင်းထိုးပြလျက်ရှိသည်။ အချိန်ကာလ လေးလတာအတွင်း ယခုလိုကျော်ဖြတ်နိုင်ဖို့ရာမှာ လွယ်ကူလှသည်တော့မဟုတ်ချေ။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မိုခါမုန်တိုင်းအပေါ် ရင်ဆိုင်တုံ့ပြန် ဆောင်ရွက်ခဲ့မှုများကို အောက်ပါအတိုင်း ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လေ့လာသိရှိခဲ့ရပါသည်–

### ကြိုတင်အမိန့်များ ထုတ်ပြန်အသိပေး

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတိုင်း မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်သတင်းများကို ၇၂ နာရီအတွင်း ကြိုတင်ရရှိချိန်တွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ၄၈ နာရီ ကြိုတင်ရရှိချိန်၊ ၁၂ နာရီ ကြိုတင်ရရှိချိန်များတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ခရိုင်ခုနစ်ခုဖြစ်သည့် စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းခရိုင်များသို့ ၂၀၂၃ ခုနှစ် မေလ ၅ ရက်ကတည်းက ထုတ်ပြန်ပေးခဲ့ကြောင်း တွေ့ရသည်။ မိုခါမုန်တိုင်းမဝင်ရောက်မီ ၁၀ ရက် အလိုကတည်းက ဖြစ်၏။ ဒေသအလိုက် မုန်တိုင်းသတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးရန်၊ ဆက်သွယ်မှု မပြတ်တောက်စေရေး ကြိုတင်စီမံဆောင်ရွက်ရန်၊ သရုပ်ပြလေ့ကျင့်မှုများ ကြိုတင်ပြုလုပ်ကြရန်၊ အရန် ရေ၊ ရိက္ခာ၊ ဆေးဝါးများ စုဆောင်းထားရှိရန်၊ အရေးကြီးစာရွက်စာတမ်းများ၊ ပစ္စည်းများ ရွှေ့ပြောင်းသိမ်းဆည်းရန်၊ အရေးပေါ်စုရပ်နေရာများ သတ်မှတ်ထားရန်၊ လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်ကြရန် စသည်တို့ပါဝင်သည်။ ထို့ပြင် မုန်တိုင်းဝင်ရောက် တိုက်ခတ်ဖြတ်သန်းချိန်တွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ကြိုတင်ဖြန့်ဝေပေးပို့ထားကြောင်း တွေ့ရသည်။ ကြိုတင်ထုတ်ပြန်ချက်များထဲတွင် ဒေသတွင်း ငါးဖမ်းလှေများအားလုံး ပင်လယ်ပြင်သို့ ရက်ရှည်သွားလာမှုကို မေလ ၆ ရက်မှစ၍ ခွင့်မပြုရန်၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ချိန်တွင် အသုံးပြုရန်အတွက် ခရိုင်အလိုက် ဖိုက်ဘာလှေများ ခွဲဝေထားရှိရန်၊ ခရိုင်အလိုက် တင်ပြထားသည့် ကယ်ဆယ်ရေးပစ္စည်း လိုအပ်ချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ တင်ပြရန်၊ ဆေးရုံ၊ ဆေးခန်းများတွင် ကလိုရင်းဆေးရည်မှအစ လိုအပ်သောဆေးဝါးများ ကြိုတင်စုဆောင်းထားရှိရန်၊ မုန်တိုင်းကျရောက်နိုင်သော ဒေသအားလုံးတွင် အရေးပေါ်စားသုံးနိုင်ရန်အတွက် Ready Made Food များ စီစဉ်ထားရှိရန်၊ ပြည်နယ်အတွင်း SSB ဆက်သွယ်ရေးစက်များ အသုံးပြုနိုင်ရန်အတွက် အနောက်ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်နှင့် ဆက်သွယ်၍ စစ်ဆေးပြင်ဆင်ထားရန်တို့ ပါဝင်သည်။

ခရိုင်အလိုက် ကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်သကဲ့သို့ မေလ ၁၁ ရက်မှ ၁၃ ရက်အထိ စစ်တွေ၊ ပေါက်တော၊ ကျောက်ဖြူဒေသများရှိ IDP စခန်းများသို့ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေး၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှုများ ပြုလုပ်ခဲ့ကြသည်။ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများကို စာမျက်နှာ ၁၁ သို့



လူငယ်ကဏ္ဍမြင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့သော စစ်တွေတက္ကသိုလ် လူငယ်စကားဝိုင်း။



တောင်ကုတ်ခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၅ ရက်က ပြုလုပ်စဉ်။

*စာမျက်နှာ ၁၁ မှ*

ဦးစားပေးရွှေ့ပြောင်းပြီး ကျန်သူများကိုပါ အသုတ်လိုက် ပြောင်းရွှေ့ပေးခဲ့ရာ IDP စခန်း ၁၇ ခုမှ ရွှေ့ပြောင်းရန်လိုအပ်သော လူဦးရေ ၆၃၃၀၂ ဦးကို ဘေးလွတ်ရာ နေရာဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။ မုန်တိုင်းဝင်ရောက် တိုက်ခတ်ပြီးချိန်မှာလည်း ထိုနေရာများအတွက် ရိက္ခာနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခဲ့ပါသည်။

### Command Post များ ဖွဲ့စည်းထားရှိ

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေး၊ သတင်းထုတ်ပြန်ရေး၊ အချက်အလက်များ တိကျစွာ စုဆောင်းနိုင်ရေးနှင့် သဘာဝဘေးဒဏ်ခံ ပြည်သူများ ပြန်လည်နေရာချထားနိုင်ရေးအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် မေလ ၅ ရက်တွင် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ် Command Post အဖွဲ့ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရအား ဥက္ကဋ္ဌ တာဝန်ပေး၍ အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ၎င်းပြင် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာရုံးအဖွဲ့များကိုလည်း တစ်ပါတည်းဖွဲ့စည်းပေးကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့သည်။

အလားတူ ခရိုင်၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အရေးပေါ် Command Post များကိုလည်း မေလ ၇ ရက်တွင် အပြီးဖွဲ့စည်းထားရှိရေး ညွှန်ကြားဆောင်ရွက်ခဲ့သည်။ ခရိုင်၊ မြို့နယ်များအလိုက် လုံခြုံရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက်များ စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုများ အတည်ပြုရေး၊ လိုအပ်ချက်များ စိစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများကိုလည်း ကြိုတင်ဖွဲ့စည်းကာ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြသည်။

### မုန်တိုင်းမဝင်ရောက်မီ တစ်ရက်အလို

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော၊ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့အနီးမှ အားအလွန်ကောင်းသောအဆင့်ဖြင့် ဖြတ်ကျော်နိုင်သည့်အတွက် အနီရောင်အဆင့်ဟု သတ်မှတ်ကြောင်း၊ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၅ မိုင်မှ ၁၁၅ မိုင်ခန့်ဖြင့် တိုက်ခတ်နိုင်ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု ရှောင်ရှားကြပါရန် သတိပေးချက်များကို ၂၀၂၃ ခုနှစ် မေလ ၁၃ ရက် နံနက် ၇ နာရီ အချိန်မှ စတင်ထုတ်လွှင့်ပေးနေပါသည်။

ယင်းထုတ်ပြန်ချက်များအပေါ် အလေးထား၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသို့ လိုအပ်သော အမိန့်ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်ညွှန်ကြားခဲ့သည်။ ယင်းညွှန်ကြားချက်များထဲ၌ ကမ်းပါးပြိုခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး လိုအပ်သော အင်အားနှင့် ယာဉ်/ယန္တရားများ စုဖွဲ့ထားရှိရေး၊ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ခရိုင်နှင့် မြို့နယ်အလိုက် ကြီးကြပ်ဆောင်ရွက်ကြရေး၊ စည်ပင်သာယာရေးအဖွဲ့များသည် မြို့နယ်များအလိုက် ချိတ်ဆွဲထားသော ဆိုင်းဘုတ်များ၊ Bill Board များ ဖြုတ်သိမ်းထားကြရေး၊ ရေတွင်း၊ ရေကန်များအတွင်းသို့ ရေငန်များဝင်ရောက်မှုမှ တားဆီးကာကွယ်ရန် ကြိုတင်စီမံဆောင်ရွက်ထားကြရေး၊ ရေချိုများ သိုလှောင်ထားရှိရေး၊ လျှပ်စစ်အန္တရာယ် မကျရောက်စေရေးနှင့် ထရန်စဖော်မာများ ထိခိုက်ပျက်စီးမှုနည်းပါးစေရေး၊ ဆေးရုံ၊ ဆေးခန်းများကဲ့သို့ အရေးပေါ်နေရာများသို့ အရန်မီးစက်များဖြင့် မီးပေးနိုင်ရေး၊ ခရိုင်အလိုက် ဆန်အိတ်များ ကြိုတင်သိုလှောင်ရန်အတွက် နေရာစီစဉ်ထားရှိရေး၊ စက်သုံးဆီများ သုံးစွဲရန်လိုအပ်လာမည်ဖြစ်၍ ကြိုတင်စီမံ ဆောင်ရွက်ထားရေးတို့ကို ထုတ်ပြန်ပေးခဲ့သည်။ ယင်းထုတ်ပြန်ချက်များထဲတွင် ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများမှ ဆရာတော်၊ သံဃာတော်၊ ကိုရင်များ၊ သီလရှင်ဆရာကြီး ဆရာလေးများ မုန်တိုင်းကာလအတွင်း ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စများ အခက်အခဲ မရှိစေရေးအတွက် ကပ္ပိယအဖွဲ့များ ကြိုတင်စုဖွဲ့ဆောင်ရွက်ထားရှိရန်၊ လိုအပ်ချက်ရှိပါက ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် သက်ဆိုင်ရာ Command Post များသို့ ဆက်သွယ်ဆောင်ရွက်ကြရန်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် သာသနာရေးမှူးများသို့ ညွှန်ကြားမှုများလည်း ပါဝင်ပါသည်။

### အခြေခံစားသောက်ကုန်ဈေးနှုန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြိုတင်မျှော်တွေး၍ ဆောင်ရွက်ခဲ့သော လုပ်ငန်းများထဲတွင် အခြေခံစားသောက်ကုန်များ ထိန်းသိမ်းကြီးကြပ်ရေး လုပ်ငန်းတစ်ခုလည်း အပါအဝင်ဖြစ်သည်။ မုန်တိုင်းကို အကြောင်းပြု၍ အခြေခံစားသောက်ကုန်ဈေးနှုန်းများ တိုးမြှင့်ရောင်းချခြင်း မပြုလုပ်စေရေး၊ စားသုံးဆီအပါအဝင် အစားအသောက်များကို ရောနှောရောင်းချခြင်း၊ သက်တမ်းလွန် ပစ္စည်းများကို ရောင်းချခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်စေရန် ဈေးကွက်ကို ချုပ်ကိုင်ထားခြင်းများ မပြုလုပ်နိုင်စေရန်အတွက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ရခိုင်ပြည်နယ် အခြေခံစားသောက်ကုန်ဈေးနှုန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီကို အဖွဲ့ဝင် ခုနစ်ဦးဖြင့် ကြိုတင်ဖွဲ့စည်းကြပ်မတ်ဆောင်ရွက်ခဲ့ပါသည်။

### မိုခါကိုရင်ဆိုင်၍ အနိုင်ယူခဲ့သည်

မေလ ၁၄ ရက် နံနက်ပိုင်းမှစ၍ မိုခါသည် လေတိုက်နှုန်း တစ်နာရီ မိုင် ၁၂၀ ခန့်ဖြင့် ရခိုင်ကမ်းရိုးတန်းဒေသ စစ်တွေမြို့အနီးမှ ဖြတ်သန်းဝင်ရောက် တိုက်ခတ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ ကူညီကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရသည်။ ပြန်လည်ထူထောင်ရေး၊ ထောက်ပံ့ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သလို ကျန်းမာရေးနှင့် ဝမ်းလျှောဝမ်းပျက်အပါအဝင် ကပ်ရောဂါဘေးတို့ ကင်းဝေးစေရန် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။ မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်နေ့မှာပင် စစ်တွေမြို့သို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရောက်ရှိလာကာ လိုအပ်သည့်လမ်းညွှန်မှုများနှင့်အတူ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသများအတွက် လှူဒါန်းငွေများ ပေးအပ်ခဲ့သည်။ ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထပ်မံရောက်ရှိလာပြီး မုန်တိုင်းသင့်ဒေသများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ အနေဖြင့် မိမိတို့၏ ဝန်ကြီးဌာနနှင့် လုပ်ငန်းတာဝန်များအလိုက် ရခိုင်ပြည်နယ်၌ လာရောက်တာဝန်ထမ်းဆောင်ခဲ့မှုများကို ကျွန်တော်ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့်လည်း ဝန်ကြီးချုပ် ဦးထိန်လင်း ဦးဆောင်၍ မေလ ၁၄ ရက်မှ ယနေ့ချိန်အထိ မုန်တိုင်းသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောက်ဖော်ပြပါကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-

(က) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်သူဇော် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေသော ကယ်ဆယ်ရေးပစ္စည်းများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးဦးစီးကော်မတီ

(ခ) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ ဥက္ကဋ္ဌ၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော စားရေရိက္ခာများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ

(ဂ) ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင် ဥက္ကဋ္ဌ၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်ညွန့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော စက်ယာဉ်ယန္တရားများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေး လုပ်ငန်းကော်မတီ

(ဃ) ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း ဥက္ကဋ္ဌ၊ ရေနံထွက်ပစ္စည်းကြီးကြပ်ရေး ဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးသက်ထွန်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော စက်သုံးဆီနှင့် အထွေထွေ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေး လုပ်ငန်းကော်မတီ

(င) ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုး ဥက္ကဋ္ဌ (ယခုလူမှုရေးဝန်ကြီးမှာ ဦးစောနိုင် ဖြစ်ပါသည်)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာကြည်လွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော ကျန်းမာရေးပစ္စည်းများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ

(စ) ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးသက်လွင် ဥက္ကဋ္ဌ၊ ပြည်နယ်လမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော တည်ဆောက်ရေးပစ္စည်းများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ

(ဆ) ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း ဥက္ကဋ္ဌ၊ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ဟိုးလှိုင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော အလှူငွေများ လက်ခံထိန်းသိမ်းထုတ်ပေးရေး လုပ်ငန်းကော်မတီ

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ ဟူသောခေါင်းစဉ်ဖြင့် ကျွန်တော်ရေးသားတင်ပြလာခဲ့ရာ ယခုအမှတ်စဉ် (၁၄) ဖြစ်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များဖြင့် နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ပါပြီ။ ယခင် နတလဝန်ထမ်းဘဝဖြင့် တစ်သွယ်၊ ယခု မိုခါကိုအကြောင်းပြု၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအနေဖြင့် စုစုပေါင်း ၄၂ ရက် သွားရောက်တာဝန် ထမ်းဆောင်ခဲ့မှုကတစ်မျိုး။ မည်သို့ဆိုစေ ရခိုင်ဒေသအပေါ် ပို၍သံယောဇဉ်တိုးသွားမိသည်ကတော့ အမှန်ပင်ဖြစ်၏။ နေပြည်တော်မှာ ဘာအားကစားပဲ လာပြိုင်ပြိုင် ရခိုင်ပြည်နယ်အသင်းကို အားပေးပါဦးမည်။ ရခိုင်ပြည်နယ်၊ ရခိုင်တိုင်းရင်းသား၊ ရခိုင်ရိုးရာယဉ်ကျေးမှုနှင့် ပတ်သက်သော ဆောင်းပါးများလည်း ဆက်၍ရေးသားပါဦးမည်။ သာလီစွပါ အမျိုးတို့။ ။

# ရာသီဥတုပြောင်းလဲမှုအန္တရာယ်နှင့်ပတ်သက်ပြီး ပျက်စီးဆုံးရှုံးမှုများအတွက် ကယ်လီဖိုးနီးယားပြည်နယ်အစိုးရက ရေနံကုမ္ပဏီများကို တရားစွဲဆို

**ဆက်စ်ခရာမန်တို စက်တင်ဘာ ၁၈** ရာသီဥတု ဖောက်ပြန်မှုကြောင့် မုန်တိုင်းနှင့် တောမီးလောင်မှုများ ဖြစ်ပေါ်ခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများအတွက် ကမ္ဘာ့အကြီးဆုံး ရေနံကုမ္ပဏီအချို့ကို ကယ်လီဖိုးနီးယားပြည်နယ်အစိုးရက တရားစွဲဆိုထားကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါ တရားစွဲဆိုမှုတွင် အက်ဆွန်၊ ရှဲလ်၊ ရှယ်ဗရွန်၊ ကိုနိုကိုဖစ်လစ်ပ်နှင့် ဘီပီရေနံကုမ္ပဏီများအပြင် ၎င်းတို့၏ ကုန်သွယ်ရေးအဖွဲ့ဖြစ်သည့် အမေရိကန်ရေနံ အင်စတီကျု (အေပီအိုင်) လည်းပါဝင်သည်။ ကယ်လီဖိုးနီးယားပြည်နယ်၌ ပြီးခဲ့သည့်နှစ်များအတွင်း တောမီးလောင်မှုများ၊ လေထုညစ်ညမ်းမှု၊ ပြင်းထန်သော အပူလှိုင်းများနှင့် စံချိန်တင် မိုးခေါင်မှုတို့ဖြစ်ပေါ်ခဲ့ပြီး ပြင်းထန်သော ရာသီဥတုဒဏ်ကို ခံစားခဲ့ရသည်။

ရေနံကုမ္ပဏီများ အနေဖြင့် ရာသီဥတု ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော အင်အားပြင်းမုန်တိုင်းတိုက်ခတ်မှု၊ တောမီးလောင်မှုများ၊ အပူလွန်ကဲမှု၊ မိုးခေါင်မှုနှင့် ရေကြီးရေလျှံမှုတို့ကြောင့် ထိခိုက်မှုများကို ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများအတွက် သင့်တင့်မျှတသော ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် တောင်းဆိုထားသည်။

ကော်ပိုရေးရှင်းကြီးများ ကို တာဝန်ခံရန် နောက်ထပ် လုပ်ဆောင်မှုတစ်ခုအနေဖြင့် ကယ်လီဖိုးနီးယားပြည်နယ် လွှတ်တော်အမတ်များသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများနှင့် ပတ်သက်၍ ကော်ပိုရေးရှင်းကြီးများမှ လက်လီရောင်းချသည့် ကုမ္ပဏီများအထိ ၎င်းတို့၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖော်ထုတ်ရန်လိုအပ်သည့် ဥပဒေကြမ်းတစ်ရပ်ကို ပြီးခဲ့သည့်တစ်ပတ်က အတည်ပြုခဲ့သည်။ **ဆင်ဟွာ**



ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူဆမ်က ကမ္ဘာ့အကြီးဆုံးရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီအချို့ကို နိုင်ငံတော်က တရားစွဲဆိုမှုနှင့်ပတ်သက်၍ သတင်းထောက်များအား ရှင်းလင်း ပြောကြားစဉ်။

# အိန္ဒိယနိုင်ငံ ရှန်တိနိကေတန်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်

**နယူးဒေလီ စက်တင်ဘာ ၁၈** လွန်ခဲ့သည့် ရာစုနှစ်တစ်ခုကျော်က နိုဘယ်ဆုရှင်ကြီး ရာဘင်ဒြာနသ်တဂိုး တည်ထောင်ခဲ့သည့် ဗိဿဘာရတီ ဗဟိုတက္ကသိုလ် တည်ရှိရာ အိန္ဒိယနိုင်ငံ ရှန်တိနိကေတန်သည် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် စာရင်းတွင် ထည့်သွင်းသတ်မှတ်ခံရကြောင်း စက်တင်ဘာ ၁၇ ရက်က ထုတ်ပြန်သည်။

ရှန်တိနိကေတန်ကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်ချက်ကို ဆော်ဒီအာရေဗျနိုင်ငံ၌ လက်ရှိကျင်းပနေသော ကမ္ဘာ့အမွေအနှစ် ကော်မတီ၏ (၄၅) ကြိမ်မြောက် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရှန်တိနိကေတန်ကို အနောက်ဘင်္ဂလားပြည်နယ် ဘီရာဘွမ်းခရိုင်တွင် ကဗျာဆရာကြီး ရာဘင်ဒြာနတ်တဂိုး၏ ဖခင် မဟာရှီ ဒီဘင်ဒြာ နသ်တဂိုးက ၁၈၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ရှန်တိနိကေတန် ဆိုသည်မှာ "ငြိမ်းချမ်းသောနေရာ" ဟု အဓိပ္ပာယ်ရသော ကျောင်းနှင့် စာပေအနုပညာဆိုင်ရာ ယဉ်ကျေးမှု ဗဟိုဌာနတစ်ခုဖြစ်ပြီး ၁၉၂၁ ခုနှစ်တွင် ရှန်တိနိကေတန်၌ "ကမ္ဘာ့တက္ကသိုလ်" အဖြစ် လူသားမျိုးနွယ်၏ စည်းလုံးညီညွတ်မှု သို့မဟုတ် "ဗိဿဘာရတီ" ကို အသိအမှတ်ပြု တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဆရာကြီး ရာဘင်ဒြာနသ်တဂိုး၏ အတွေးအခေါ်နှင့် အိန္ဒိယနိုင်ငံ၏ ကြွယ်ဝသော ယဉ်ကျေးမှု အမွေအနှစ်များ၏ သင်္ကေတဖြစ်သော ရှန်တိနိကေတန်ကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းသတ်မှတ်ခံရသည့် အတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်း ကြေညာချက်ကိုလည်း အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီက ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**



# ဗီယက်နမ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၈၁၈၀၈ ဦး အထိရှိလာ

**ဟနွိုင်း စက်တင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းရှိ ခရိုင် ၂၉ ခုတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၀၁၀ ရှိသည့်အတွက် ဩဂုတ်လ နောက်ဆုံးသီတင်းပတ်က အရေအတွက်ထက် နှစ်ဆမြင့်တက်လာကြောင်း မြို့တော် ရောဂါထိန်းချုပ်ရေးဌာန၏ စက်တင်ဘာ ၁၈ ရက် ထုတ်ပြန်ချက်အရ သိရသည်။



**ဟနွိုင်းတွင် ရောဂါဖြစ်ပွားသူ ၁၀၃၇၂ ဦးရှိ**

ယခုနှစ်အစောပိုင်းကတည်းကဆိုလျှင် မြို့တော်ဟနွိုင်းသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၃၇၂ ဦးရှိသည့်အတွက် သေဆုံးသူ သုံးဦးအပါအဝင် ပြီးခဲ့သည့်နှစ်က အလားတူကာလကထက် လေးဆမြင့်တက်လာကြောင်း သိရသည်။

**ကျွမ်းကျင်သူများ မြို့တော်ဟနွိုင်းသို့ စေလွှတ်ထား**

ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ရန်အတွက် ကျွမ်းကျင်သူများကို မြို့တော်ဟနွိုင်းသို့ စေလွှတ်ထားသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ စက်တင်ဘာ ၈ ရက်မှ ၁၅ ရက်အထိ နောက်ထပ် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ ၅၁၈၀ ရှိကြောင်း သိရသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၈၁၈၀၈ ဦး အထိရှိလာပြီး သေဆုံးသူ အရေအတွက်မှာလည်း ၂၃ ဦးအထိ ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**



# စိုက်ပျိုးရေးထုတ်ကုန် ထုတ်လုပ်မှုမြှင့်တင်ရန် လာအိုအစိုးရ ရည်ရွယ်လုပ်ဆောင်နေ

**ဗီယင်ကျန်း စက်တင်ဘာ ၁၈**

လာအိုအစိုးရသည် သီးနှံအထွက်နှုန်းများနှင့် တင်ပို့မှုများကို မြှင့်တင်ရန် ရည်ရွယ်ကာ စိုက်ပျိုးရေးထုတ်ကုန်များ အားကောင်းလာစေရေးနှင့်ပတ်သက်ပြီး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝယ်လိုအားကောင်းသည့် သီးနှံများ စိုက်ပျိုး**

လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်း၌ ပြီးခဲ့သည့် သောကြာနေ့က အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား စိုက်ပျိုးရေးထုတ်ကုန်နှင့်ပတ်သက်ပြီး ပြုလုပ်သော အစည်းအဝေးတစ်ခု၌ လာအိုဝန်ကြီးချုပ် ဆွန်နက်ဇေ စီဖန်တုန်းက အထူးသဖြင့် ဈေးကွက်ဝယ်လိုအားကောင်းသည့် သီးနှံများ စိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးရေးထုတ်ကုန် မြှင့်တင်ဆောင်ရွက်ရေးတွင် ပါဝင်ကြရန် လုပ်ငန်းရှင်များအား တောင်းဆိုလိုက်သည်။

**ဆောင်ရွက်မှုစီမံချက်များကို မိတ်ဆက်သင့်**

ထို့ပြင် လာအိုထုတ်လုပ်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ဆောင်ရွက်မှုစီမံချက်များကို မိတ်ဆက်သင့်ကြောင်း ၎င်းကပြောသည်။ သို့မှသာ လာအိုထုတ်လုပ်သူများအနေဖြင့် ကြီးပွားတိုးတက်ပြီး စိုက်ပျိုးရေးဈေးကွက်၏ ကြီးမားသောဝေစုကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

**သီးနှံများနှင့် သစ်တောထုတ်ကုန်များ ထိပ်တန်းဦးစားပေးဖြစ်သင့်**

သီးနှံများနှင့် သစ်တောထုတ်ကုန်များ လုပ်ဆောင်မှုသည် ထိပ်တန်းဦးစားပေး ဖြစ်သင့်ကြောင်းလည်း ၎င်းက ပြောသည်။ ပြောင်းလဲနေသော စီးပွားရေးနှင့် ဈေးကွက်အခြေအနေများကို လိုက်လျောညီထွေဖြစ်စေရန်အတွက် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများကို ပြောင်းလဲကျင့်သုံးပြီး အားနည်းချက်များကို အရေးတကြီး မွမ်းမံပြင်ဆင်ရန်နှင့် နယ်ပယ်ကဏ္ဍစုံတွင် ၎င်းတို့၏ လုပ်ဆောင်နိုင်မှု စွမ်းရည်ကို တည်ဆောက်ရန် ဆွန်နက်ဇေက စိုက်ပျိုးရေးနှင့်ဆက်စပ်သော လုပ်ငန်းရှင်များအားလည်း တောင်းဆိုလိုက်သည်။ **ဆင်ဟွာ**

# လစ်ဗျားတွင် ရေကြီးမှုဖြစ်ပွားပြီးနောက် ကူးစက်ရောဂါအန္တရာယ်နှင့် ရင်ဆိုင်နေရ

**ထရီပိုလီ စက်တင်ဘာ ၁၈**

လစ်ဗျားနိုင်ငံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီးနောက် တစ်ပတ်အကြာတွင် ကူးစက်ရောဂါဖြစ်ပွားမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

လစ်ဗျားနိုင်ငံ အရှေ့ပိုင်းတွင် စက်တင်ဘာ ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်များကျိုးကျခဲ့ပြီးနောက် ဒါနာမြို့၌ ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရပြီး အဆောက်အအုံအများအပြား ပျက်စီးဆုံးရှုံးခဲ့သည်။ သေဆုံးသူ တရားဝင်အရေအတွက်မှာလည်း ၈၀၀၀ မှ ၂၀၀၀၀ အထိ ကျော်လွန်နိုင်ကြောင်း ဒါနာမြို့တော်ဝန်က ပြောကြားသည်။

ပြည်သူများအနေဖြင့် ရေနှင့် လျှပ်စစ်မီးပြတ်တောက်နေသည့်အပြင် ကာလဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါအန္တရာယ်များ ဖြစ်ပွားနေသည့်အတွက် အချို့နေရာများ၌ ပြည်သူများကို မြို့ပြင်သို့ ရွှေ့ပြောင်းရန် ဒေသဆိုင်ရာ အာဏာပိုင်များက အကြံပြုထားသည်။

ရေကြီးရေလျှံမှုများကြောင့် လွန်ခဲ့သည့် သုံးနှစ်ကျော်အတွင်း ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မှကျန်ရစ်ခဲ့သည့် မြေမြှုပ်မိုင်းများကိုလည်း တွေ့ရှိနိုင်သဖြင့် သတိထားကြရန် ဒေသခံများနှင့် ကယ်ဆယ်ရေးသမားများကို အာဏာပိုင်များက သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ must နဲ့ mustn't တို့ရဲ့အဓိပ္ပာယ်၊ အသုံးပြုပုံတွေကို နားလည်သဘောပေါက်အောင် ပြည့်ပြည့်စုံစုံလေး ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Immigrant Life–VI" နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ တခြားနိုင်ငံတစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life–VI" ဆိုပြီး ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာ အသုံးများတဲ့ အဓိပ္ပာယ်တူ (Synonyms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**ဒီတစ်ပတ်မှာတော့ Must နဲ့ Mustn't တို့ရဲ့ အဓိပ္ပာယ်၊ အသုံးပြုပုံတွေကို နားလည်သဘောပေါက်အောင် နမူနာဝါကျများနဲ့ ရှင်းလင်းဖော်ပြလိုက်ပါတယ်။**

**Must, Mustn't**

**Must (ဝတ္တရားရှိခြင်း၊ လုပ်ဖို့လိုခြင်း)**

**We use must when we think it is necessary to do something.**

တစ်ခုခုလုပ်ဖို့လိုတယ်၊ လုပ်ဖို့ဝတ္တရားရှိတယ်၊ လုပ်ကိုလုပ်ရမယ်လို့ အလေးအနက်ပြောကြားတဲ့အခါမှာ must ကို သုံးနိုင်ပါတယ်။ ထို့အပြင် လေးနက်စွာအကြံပေးခြင်း၊ တစ်စုံတစ်ခုမှာ ယုံကြည်မှုသေချာခြင်း စတဲ့ အခြေအနေတွေမှာလည်း သုံးနိုင်ပါတယ်။ Must ကိုအောက်မှာ ဖော်ပြထားတဲ့အတိုင်း ဖွဲ့စည်းနိုင်ပါတယ်။ must ရဲ့နောက်မှာ infinitive လို့ခေါ်တဲ့ အခြေခံ Verb ကိုရေးသားရမှာ ဖြစ်ပါတယ်။

Must + infinitive (must do/ must see etc.):

| | | |
|---|---|---|
| I/we/you/they/<br>he/she/it | must | do<br>stop<br>go<br>write etc. |

- **Must = it is necessary to do something:**
  လုပ်ဖို့ လိုအပ်
- **The windows are very dirty.** I **must clean** them.
- It's a fantastic film. You **must see** it.
- We **must go** to the bank today. We haven't got any money.
- **Must = obligation**
  လုပ်ဖို့ ဝတ္တရားရှိ
- Students **must obey** the school discipline.
- One **must work** or starve.
- **Must = Emphatic advice**
  လေးနက်စွာအကြံပေး
- You **must work** hard to pass the examination.
- You **must visit** the Shwedagon pagoda while you are in Yangon.
- **Must = Certainty of belief in some fact**
  တစ်စုံတစ်ခုမှာ ယုံကြည်မှုသေချာခြင်း
- The doctor **must come** today.
- Somebody **must have** taken my book.
- All things **must come** to an end some days.
- **For the past**

Must ကို လက်ရှိနဲ့ အနာဂတ်ကာလတွေကို ဖော်ပြတဲ့နေရာမှာ သုံးနိုင်ပါတယ်။ Must ကြိယာသည် ပုဂ္ဂိုလ်ကာလတို့နှင့်လိုက်ပြီး ပုံသဏ္ဍာန်ပြောင်းလဲခြင်းမရှိပေ။ အတိတ်ကာလအကြောင်း ပြောချင်ရင်တော့ had to နဲ့သုံးနိုင်ပါတယ်။ ဥပမာ –

- We **had to** go to the bank yesterday.
- **I had to** walk home last night. There were no buses.
- **Must not (=mustn't)**

Must ရဲ့အငြင်းပုံစံကတော့ mustn't ပဲ ဖြစ်ပါတယ်။ လုပ်ဖို့မလိုအပ်ဘူးလို့ အဓိပ္ပာယ်ရပါတယ်။ အပေါ်မှာ ပြောခဲ့တဲ့ positive အဓိပ္ပာယ်တွေနဲ့ ဆန့်ကျင်ဘက်သဘောပဲ ဖြစ်ပါတယ်။ ဥပမာ –

- I must hurry. I **mustn't be** late.
- I **mustn't forget** to phone Julia.
- Be happy! You **mustn't be** sad.
- You **mustn't touch** the pictures.

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှ အဖြေများ**

1. I can swim.
2. I can't ski.
3. I can play chess.
4. I can run 10 kilometres.
5. I can't drive a car.
6. I can't ride a horse.

**Exercise (2) မှအဖြေများ**

1. can't come
2. can see
3. can't hear
4. can't find
5. can speak

**Exercise (3) မှအဖြေများ**

1. couldn't sleep
2. couldn't eat
3. can't decide
4. couldn't find
5. can't go
6. couldn't go

**Exercise (4) မှအဖြေများ**

2. Could/Can you pass the salt, (please)?
3. Can/Could you turn off the radio, (please)?
4. Can/Could I have menu, (please)?
5. Could/Can you give me her phone number, (please)?

## VOCABULARY (SYNONYMS)

1. **trick = hoax (လှည့်စားမှု၊ လှည့်ကွက်)**
2. **trust = believe (ယုံကြည်သည်)**
3. **try = attempt (ကြိုးစားသည်)**
4. **usually = generally (အများအားဖြင့်၊ ထုံးစံအတိုင်း)**
5. **vacant = empty (လွတ်နေသော)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။*
*နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

# CONVERSATION



## Shortest way to talk about "Immigrant Life – VI"

**ဒီတစ်ပတ်မှာတော့ "Immigrant Life–VI" နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ တခြားတိုင်းပြည်တစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life–VI" ဆိုပြီးဖော်ပြလိုက်ပါတယ်။**

**Conversation**

**Immigrant Life Part –VI**

**The Office**

**Rob (Boss):** So these are our offices and colleagues. Let's see – that's Pedro. He's sitting at his desk reading a report or something.

**Laura**: He's the one wearing the green shirt, right?

**Rob (Boss)**: Yes, exactly.

Laura: And what does he do?

**Rob (Boss)**: He's the manager of the marketing department.

**Laura**: What is he like?

**Rob (Boss)**: Some days he shouts a lot, but he also kind and helpful. Then there's Isaac. He's wearing a light blue suit. He's standing in front of the window chatting to Antonia. Isaac's the sales manager. He is very demanding and strict. Antonia's standing next to him. She's drinking a coffee. She's wearing a lovely cream dress – she's always stylish, elegant and glamorous in high heels.

Laura: I can see that, and Antonia is the …?

**Rob (Boss)**: She's an accountant.

**Laura:** Ah, okay. And who's that sitting down, talking on her phone? She looks very stressed.

**Rob (Boss)**: In the pink suit? That's Fiona, the human resources manager. She looks after all the staff. She worries too much and often puts the needs of others before her own. Then opposite her is Gary. He's the IT manager.

**Laura:** Is he the guy working on his laptop in the striped shirt?

**Rob (Boss):** That's him—striped shirt, no tie. He knows everything about technology. He's preparing to give a presentation. And finally, that's Monica standing behind Gary. She's Isaac's personal assistant. She organizes his schedule, but she helps us, too. She runs the whole place. She's really competent.

**Laura:** Thanks, Rob—I hope I can remember all that!

**Rob (Boss)**: Well. They're very nice crowd. Let me introduce you. Hey everyone—this is Laura, our new translator.

**Language Focus**

**He's the one wearing the green shirt.**

၁။ ဒီနေရာမှာ Modifiers with present participles အကြောင်းလေးပြောပြချင်ပါတယ်။

ရှေ့မှာ ရှိတဲ့ Noun ကို Present Participle သုံးပြီး Modify အထူးပြုဖော်ပြတာ ဖြစ်ပါတယ်။ အဲဒီလို ဖော်ပြလိုက်တဲ့အတွက် အရှေ့မှာရှိတဲ့ Noun ဟာ ဘယ်သူဘယ်ဝါဆိုပြီး ကွဲပြားသွားပါတယ်။ အဲလို ကွဲပြားသွားအောင်လို့ ဖော်ပြတဲ့ အရေးအသားမျိုး အပြောအဆိုမျိုးကို Modifier လုပ်တယ်လို့ ခေါ်ပါတယ်။ ဥပမာ –

**Modifiers with present participle**

| | | Present Participles |
|---|---|---|
| Who's Diego? | He's **the man** | **wearing** a blue shirt. |
| Which one is Diego? | He's **the one** | **talking** to Brooke. |
| Who's Pedro? | He's **the one** | **wearing** the green shirt. |
| | Kyle is **the tall guy** | **wearing** a yellow shirt and brown pants. |
| | Mark and Eve are **the middle–aged couple** | **talking** to Michael. |
| | Britney is **the woman in the green dress** | **sitting** to the left of Javier. |
| | J.P is **the serious–looking boy** | **playing** a video game. |

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၁၈

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရွှေဘိုမြို့ မြို့တော်ခန်းမ၌အခြေပြု၍ ရွှေဘိုမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၆၈၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၉ ဦး၊ ခွဲစိတ်ရောဂါ ၄၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၄ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၁၀၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၇ ဦး၊ မျက်စိရောဂါ ၂၁၁ ဦးနှင့် သွားရောဂါ ၃၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာ လေးဦးနှင့် မျက်စိခွဲစိတ်လူနာ လေးဦးတို့ကို ရွှေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက် လူနာ ၃၈ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၅ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ် စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန် လိုအပ်သူ ၂၃ ဦးကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ် ဦးစီးမှူးရုံးမှ Biometric အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ထမင်းဘူးများ လှူဒါန်း**

ထိုသို့ နယ်လှည့်အထူး ဆေးကုသရေးအဖွဲ့သို့ ဆေးကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် စေတနာရှင် ပြည်သူများက နေ့လယ်စာအတွက် ထမင်းဘူးများနှင့် သောက်ရေသန့်ဘူးများကို ပေးဝေလှူဒါန်းကြသည်။







ဆေးကုသမှုခံယူသည့် ဒေသခံပြည်သူများ။



ကျန်းမာရေးဝန်ထမ်း တစ်ဦး။

နယ်လှည့် အထူးဆေးကုသရေးအဖွဲ့ထံသို့ လာရောက်ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ဖော်ပြလိုက်ပါသည် -

**ဒေသခံအမျိုးသမီးတစ်ဦး**

ကျွန်မက အခုလို လာရောက်ဆေးကုသပေးတာကို အထူးဝမ်းသာပါတယ်။ နယ်ကနေလာပြီး ဆေးကုမှု ခံယူတာပါ။ ကျွန်မ အခုလာကုတာက ဒုတိယအကြိမ် လာရောက်ကုသခြင်း ဖြစ်ပါတယ်။ ပထမအကြိမ်တုန်းက နှလုံးရောဂါ ကုသခဲ့တာပါ။ သက်သာပါတယ်။ အခုဒုတိယအကြိမ်က မျက်စိ လာရောက်ကုသခြင်းဖြစ်ပါတယ်။ မျက်စိက ခွဲရမယ်လို့ ပြောပါတယ်။ အခုလို လာရောက်ကုသဖို့အတွက် စီစဉ်ပေးတဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်။ အသက်လည်း ရာကျော်ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်။ ကျွန်မတို့တောရွာတွေက ပိုက်ဆံမတတ်နိုင်တဲ့သူတွေအနေနဲ့ ဆေးကုသဖို့အတွက် မြို့ကြီးပြကြီးကို မသွားနိုင်ဘူး။ တတ်နိုင်တဲ့ သူတွေကတော့ သွားကြတာပေါ့။ ကျွန်မတို့လို မတတ်နိုင်တဲ့ သူတွေကို ကုသပေးဖို့ အခုလိုလာရောက်ပေးတဲ့အတွက် အထူးပင် ဝမ်းသာမိပါတယ်။ နောက်လည်း လာရောက် ကုသပေးပါလို့ ပြောချင်ပါတယ်။

**ဒေသခံအမျိုးသားတစ်ဦး**

ကျွန်တော်ကတော့ ရွှေဘိုမြို့ အမှတ် (၁) ရပ်ကွက်ကနေ လာရောက်ပြီး ဆေးကုသခြင်း ဖြစ်ပါတယ်။ ကျွန်တော် ခံစားနေရတဲ့ရောဂါကတော့ သွေးတိုးရောဂါနဲ့ ကျောက်ကပ်ရောဂါ ခံစားနေရတာ ငါးနှစ်လောက်ရှိပါပြီ။ မျက်စိခွဲစိတ်ခန်းတွေ၊ ECG တွေ၊ ပါရဂူတွေကလည်း စုံစုံလင်လင်နဲ့ လာရောက်ကုသပေးတာဖြစ်တဲ့အတွက် ရောဂါဝေဒနာတွေ တော်တော်လေးသက်သာပါတယ်။ ဒီလိုဆေးကုသမှုအဖွဲ့ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စေလွှတ်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ အခုလို ဆေးကုသမှု လာရောက်ပေးတဲ့ ဆေးကုသရေး အဖွဲ့ခေါင်းဆောင်နဲ့အတူ တပ်မတော် အကြီးအကဲအားလုံးကိုလည်း အထူးပဲကျေးဇူး တင်ရှိပါတယ်။ နောက်ကို ကျွန်တော်တို့ မြို့နယ်လိုပဲ အခြားမြို့နယ်တွေကို လာရောက် ကုသပေးနိုင်ပါစေလို့ ကျွန်တော်တို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**ဒေသခံအမျိုးသားတစ်ဦး**

ဒုတိယ အကြိမ်မြောက် ရွှေဘိုမြို့နယ်မှာလာပြီး တပ်မတော် နယ်လှည့် ဆေးကုသရေးအဖွဲ့က လာရောက် ကုသပေးတဲ့အတွက် ကျွန်တော်တို့ နယ်သူနယ်သားတွေ၊ မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်ကြီး ၁၀ ရပ်ကွက် အားလုံးအဆင်ပြေကြပါတယ်။ ဆေးဝါးတွေလည်း ပြည့်စုံပါတယ်။ Ultrasound ရိုက်ပေးခြင်း၊ သွေးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းများကို အစစအရာရာ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးပါတယ်။ အခုလို စီစဉ်ပေးတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ တိုင်းအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများကိုလည်း နယ်သူ နယ်သားများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါတယ်။

**ကျန်းမာရေးဝန်ထမ်းတစ်ဦး**

ကျွန်မကတော့ နယ်လှည့် ဆေးကုသရေးအဖွဲ့က မျက်စိခွဲစိတ်ခန်းသူနာပြု တာဝန်နဲ့ပါလာတာပါ။ ရွှေဘိုမြို့နယ်မှာဆိုရင် မျက်စိလူနာတွေက တစ်နေ့တစ်နေ့ကို စစချင်းနေ့ဆိုရင် ၅၀၀ ကျော်ပါတယ်။ အခုနောက်ပိုင်းမှာတော့ တစ်ရက်ကို ၃၀၀ ကျော် လာရောက်ပြကြပါတယ်။ ဒီထဲမှာမှ အတွင်းတိမ်လူနာတွေများပါတယ်။ မျက်သားတက်တဲ့လူနာတွေ အဖြစ်များတယ်။ အတွင်းတိမ် လူနာတွေကတော့ အသက်ကြီးတဲ့သူတွေ ဖြစ်တာဆိုတော့ သူတို့ခွဲပြီးရင် မျက်ကပ်မှန်မှန်ဘီလူးထည့်လိုက်ရင် သူတို့မြင်ရသွားပါပြီ။ မျက်သားတက်တာက နေပူထဲသွားတဲ့အခါမှာ နေရောင်ခြည်ကြောင့် မျက်သားတက်တာဖြစ်ပါတယ်။ ခွဲလိုက်တဲ့အခါမှာမြင်ရသွားပြီ၊ ကောင်းသွားပြီပြောတော့ အလွန်ကြည်နူးမိပါတယ်။ နောင်လည်း ဒီလိုခက်ခဲတဲ့ နေရာတွေမှာ ဆက်လက်ပြီးတော့ ကုသပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Honey Kyaw Thet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက်နေ မဟန်နီကျော်သက်အား ညနေ ၄ နာရီ ၅ မိနစ်တွင် သထုံမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# မြဝတီကုန်သွယ်ရေးဇုန်မှ ငရုတ်နှင့် ကြက်သွန်နီ အများဆုံးတင်ပို့

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ငရုတ်၊ ကြက်သွန်နီနှင့် CMP အထည်ချုပ်ပစ္စည်းများ အများဆုံးတင်ပို့ခဲ့သည်။

သွင်းကုန်ပစ္စည်းတင်သွင်းမှုအနေဖြင့် ချုပ်ပြီးအဝတ်အထည် (GARMENT)၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်နှင့်စက်အပိုပစ္စည်းများ၊ သစ်သီးမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းတို့ အများဆုံးတင်သွင်းခဲ့ပြီး တိရစ္ဆာန်အစာ၊ စက်ဘီး၊ စက်ဘီးအပိုပစ္စည်း၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ယာဉ်ယန္တရားများ၊ ဆိုင်ကယ်အပိုပစ္စည်း၊ စက်ဆီ/ချောဆီ၊ အိမ်သုတ်ဆေး၊ လျှပ်စစ်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆေးဝါးများ၊ ဖိနပ်၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့်စက်ပစ္စည်းကိရိယာများ၊ ဓာတ်မြေဩဇာနှင့် ငါးဖမ်းပစ္စည်းတို့ တင်သွင်းခဲ့သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ငရုတ်သီးများကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်း၊ ကုန်ပစ္စည်းစစ်ဆေးမှုများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၁၀၉၆ တန်၊ ချုပ်ပြီးအထည် ၆၁၁၀၅ ထည်၊ ငရုတ်သီး(ခြောက်) ၉၁ ဒသမ ၇၇၅ တန်၊ ငရုတ်သီး (စိမ်း)(အစို) ၄၄၂ ဒသမ ၄၀၄ တန်၊ ကွမ်းသီး ၁၁၇ တန်၊ မြေပဲဆန် ၉၉ ဒသမ ၇၅၀ တန်၊ ငါးမျိုးစုံ ၅ ဒသမ ၉၆၀ တန်၊ အခြားရေထွက်ပစ္စည်း ၁၅ ဒသမ ၈၇၀ တန်၊ ဂေါ်ဖီထုပ် ၆၆၉ တန်နှင့် သတ္တုနှင့် သတ္တုရိုင်းများ တန် ၁၈၀ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ကန်ဒေါ်လာ ၄ ဒသမ ၉၇၆ သန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၇၃၅ သန်း၊ စက်နှင့်စက်ပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၁၉၆ သန်း၊ ဆပ်ပြာ ဒေါ်လာ ၁ ဒသမ ၀၉၄ သန်း၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၀၆၇ သန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၀၇၄ သန်း၊ သံနှင့် သံမဏိပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၇၆၂ သန်း၊ ဆေးဝါးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၉၄၀ သန်း၊ ဘက်ထရီအခြောက်များ ဒေါ်လာ ၀ ဒသမ ၅၀၉ သန်းနှင့် အခြားစက္ကူများ ဒေါ်လာ ၀ ဒသမ ၈၉၇ သန်းတို့ဖြစ်သည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ကန်ဒေါ်လာ ၉ ဒသမ ၆၅၇ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၅၂ ဒသမ ၁၄၂ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၆၁ ဒသမ ၇၉၉ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ငွေဈေးနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၉၇ ဒသမ ၀၉ ကျပ် ဖြစ်ကြောင်း သိရှိရသည်။

**DOT(မြဝတီ)**

# ရွှေဘိုခရိုင်အတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့်စီးထွက်မှု



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ စက်တင်ဘာလ(ဒုတိယပတ်)တွင် စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ စက်တင်ဘာလ (ပထမပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၇၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၈၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၆၁၅၀၀၊ တန်အားဖြင့် ၃၀၇၅တန် စီးထွက်ခဲ့ပြီး စက်တင်ဘာလ (ဒုတိယပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀ ၊ မန္တလေးသို့ အိတ်ရေ၁၈၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(မြောက်) သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀ စုစုပေါင်းအိတ်ရေ ၅၀၆၀၀၊ တန်အားဖြင့် ၂၅၃၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၁၀၉၀၀၊ တန်အားဖြင့် ၅၄၅ တန် လျော့နည်းစီးထွက်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ (ဒုတိယပတ်) တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ ရွှေဝါထွန်း (နှစ်စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ကြက်သွန်ဖြူ ၁၂၄ ဒသမ ၅ တန်၊ ကြက်သွန်နီ တန် ၈၀၊ ရော်ဘာစေးတန် ၁၄၀၊ ကော်ဖီစေ့ ၁၇ တန်၊ ဆေးရွက်ကြီး ၄၄ တန် တင်ပို့နိုင်ခဲ့သည်။ ယခုတစ်ပတ်တင်ပို့မှုတွင် ပါဝင်သော ဆေးရွက်ကြီး ၄၄ တန်မှာ တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်ကြေညာလွှာ (ED) ဖွင့်လှစ်၍ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိရာ ယခုတစ်ပတ်တွင် ဓာတ်ဆီ ဒေါ်လာ ၀ ဒသမ ၄၅၄ သန်း၊ ဒီဇယ် ဒေါ်လာ ၀ ဒသမ ၂၈၆ သန်း၊ ဘိလပ်မြေ ဒေါ်လာ ၀ ဒသမ ၂၈၀ သန်း၊ စက်နှင့်စက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၅၃ သန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၀ဒ သမ ၁၁၃ သန်း ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများဒေါ်လာ၀ ဒသမ ၀၇၀ သန်း၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၀၃ သန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၀၂၆ သန်း၊ သုတ်ဆေး/ပေါလစ်များ ဒေါ်လာ ၀ ဒသမ ၀၁၁ သန်း၊ တာယာနှင့်ကျွတ်များ ဒေါ်လာ ၀ ဒသမ ၀၃၃ သန်း အပါအဝင် သွင်းကုန်တန်ဖိုး ဒေါ်လာ ၁ ဒသမ ၃၃၆ သန်း တင်သွင်းခဲ့သည်။

စက်သုံးဆီဈေးနှုန်းအနေဖြင့် ဒီဇယ်ဆီတစ်တန်လျှင် ၁၀၇၅ ဒေါ်လာ၊ ဓာတ်ဆီတစ်တန်လျှင် ၁၁၁၀ ဒေါ်လာဖြစ်သည်။ တစ်ပတ်အတွင်း ပျမ်းမျှငွေလဲနှုန်းအနေဖြင့် ကျပ်တစ်သိန်းလျှင် ၁၀၄၀ ဘတ် ဖြစ်ပေါ်ခဲ့သည်။

**DOT (တာချီလိတ်)**

## ၁၈ - ၉ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၃၀၀ | | ၁၂၀၀၀ | ၅၉၅၀ | ၂၃၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၂၂၀၀၀ | ၄၂၀၀ | ၉၀၀၀ | ၉၅၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၆၀၀ | ၁၉၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၄၆၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၅၆၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၅၆၅၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၆၅၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၃၀၀ | ၉၀၀၀ | ၄၈၀၀ | ၈၁၀၀ | ၈၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၃၆၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၄၇၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၁၅၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၉၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၄၀၀ | | ၁၄၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၉၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၅၀၀ | ၄၀၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၅၆၅၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၂၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၃၅၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀ | ၈၀၀၀ | ၇၇၀၀ | ၃၀၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၅၃၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၅၀ | | ၁၆၀၀၀ | ၄၉၅၀ | ၁၆၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၅၅၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၈၄၀၀ | ၉၀၀၀ | ၅၁၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၅၅၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၈၄၀၀ | ၉၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၃၀၀ | ၁၅၅၀၀ | ၁၁၅၀၀ | ၂၁၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ပဲဆီတစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၉၅၀၊ လားရှိုးတွင် ငွေကျပ် ၈၀၀၊ ထားဝယ်တွင် ငွေကျပ် ၇၅၀၊ မြိတ်တွင် ငွေကျပ် ၆၅၀၊ ကလေးတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးနှင့် မုံရွာတွင် ငွေကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးနှင့် ကလေးတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ အာလူးတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ စစ်တွေတွင် ငွေကျပ် ၁၀၀၊ အမဲသားတစ်ပိဿာလျှင် ကလေးတွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ရန်ကုန်နှင့် မုံရွာတွင် ငွေကျပ် ၂၀၀၊ ပဲဆီတစ်ပိဿာလျှင် ပျဉ်းမနားတွင် ငွေကျပ် ၅၀၀၊ နေပြည်တော်တွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ပြည်တွင် ငွေကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ တောင်ကြီးနှင့် ဘားအံတွင် ငွေကျပ် ၁၀၀၀၊ လွိုင်ကော်တွင် ငွေကျပ် ၅၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်နှင့် ရန်ကုန်တွင် ငွေကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) နှင့် ချင်း တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၃၀၀၊ ရန်ကုန်တွင် ငွေကျပ် ၅၀၀၊ မန်ကျည်းသီးတစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ ရန်ကုန်တွင် ငွေကျပ် ၅၀၀၊ အာလူးတစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၅၀၊ မြိတ်တွင် ငွေကျပ် ၃၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀ ဈေးကျခဲ့ပါသည်။

# လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

**နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**



### ဘုတ်ပြင်း

ဘုတ်ပြင်းမြို့နယ် ချောင်းကဖီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၇ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာသိန်းနှင့် မြို့နယ်အားကစားမှူး ဦးစောကျော်စိုးမိုးတို့က အမှာစကားပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသိန်းက ဦးဆောင်၍ Grade-9, 10, 11 ကျောင်းသား ကျောင်းသူများက ကျောင်းသားနှင့် အားကစား၊ အဂတိလိုက်စားမှုကင်းစင် တို့ဝန်းကျင်၊ လူငယ်နှင့် လူမှုဝန်ထမ်းစိတ်၊ လူငယ်နှင့် စည်းကမ်း၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများကလည်း ပါဝင်ဆွေးနွေးကြသည်။

**မြို့နယ်( ပြန်/ဆက်)**

### မောက်မယ်

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် မိုက်ကန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက လူငယ်များအနေဖြင့် ပညာရေးကဏ္ဍအပြင် စာရိတ္တကောင်းမွန်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး ကောင်းမွန်စေရေး၊ ကြီးပွားရေးအမြင်ရှိစေရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး စသည့်အကြောင်းများ ဆွေးနွေးဟောပြောခဲ့ပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

### တွံတေး

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (မင်္ဂလာပရဟိတဘုရားကြီး)၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးက စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူး၊ လူမှုဝန်ထမ်းဦးစီးဌာနဦးစီးအရာရှိ ဒေါ်သန္တာမိုးက ကလေးသူငယ်ဆိုင်ရာ ဥပဒေများအကြောင်း၊ တိုင်းရင်းဆေးကုဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်နွယ်နွယ်ဦးက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများ၊ သွေးလွန်တုပ်ကွေးအကြောင်းနှင့် ရာသီတုပ်ကွေးဖြစ်ပွားခြင်း၊ လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

**တွံတေးသား**

### မောင်တော

ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၆ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တောခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (တာဝန်ပေး) ဦးမြင့်ခိုင်က လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသူများက အမျိုးသားရေး တာဝန်ဖြင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ နည်းပညာဖြင့် ဈေးကွက်တန်ဖိုးမြှင့်တင်ရေး၊ လူငယ်နှင့် ကျန်းမာကြံ့ခိုင်ရေး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြပြီး အခြားသင်တန်းသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။ ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်များကို ခင်းကျင်းပြသခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ တန်ဖိုးသင့်ကောက်စိုက်စက်(လက်ဆွဲ)ဖြင့် စပါးစိုက်ပျိုးမှု ရှင်းလင်း

**ရေတာရှည် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ တန်ဖိုးသင့် ကောက်စိုက်စက် (လက်ဆွဲ)ဖြင့် စပါးစိုက်ပျိုးမှု ရှင်းလင်းခြင်း အခမ်းအနားကို သပြေတန်း ကျေးရွာအနီးရှိ တောင်သူဦးအောင်မျိုးဦး၏ခြံတွင် ယမန်နေ့နံနက်က ပြုလုပ်သည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်စိန်က ဒေသခံတောင်သူ လယ်သမားများအား ဗီယက်နမ်နိုင်ငံထုတ် တန်ဖိုးသင့် ကောက်စိုက်စက်(လက်ဆွဲ) အသုံးပြုပုံ၊ ပျိုးထောင်နည်းနှင့် စိုက်ပျိုးနည်း အချက်အလက်များကို မှတ်တမ်းဗီဒီယိုဖြင့် ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းဇော်က လက်ဆွဲကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမြတ်လင်းက နွေစပါးရေပေးဝေရေး ကိစ္စရပ်များ ဆွေးနွေးပြောကြားပြီး တောင်သူများက မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် ဗီယက်နမ်နိုင်ငံထုတ် တန်ဖိုးသင့် ကောက်စိုက်စက် (လက်ဆွဲ) အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ရေတာရှည်(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး... 

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားအဖွဲ့များအား မြန်မာနိုင်ငံအားကစားမီဒီယာအဖွဲ့ချုပ်မှတာဝန်ရှိသူများ ကြည့်ရှုအားပေး

**ရန်ကုန် စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ဦးစွာ မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များက ရန်ကုန်မြို့ အင်းလျားကန်တွင် စခန်းသွင်းလေ့ကျင့်နေသည့် လှေလှော် အားကစားသမားများ၊ ရန်ကုန်မြို့ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၊ ဝူရှူးလေ့ကျင့်ရေးခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

အဆိုပါ (၁၉)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု လှေလှော် အားကစားအဖွဲ့သည် ၁၀ တက်လှော် အမျိုးသား အမျိုးသမီး၊ မီတာ ၂၀၀၊ ၅၀၀၊ ၁၀၀၀ အားကစားနည်း ခြောက်မျိုးဖြစ်ပြီး ဝူရှူးပြိုင်ပွဲတွင် အမျိုးသမီး အားကစားသမားများက ချန်းစု+ ကျန့်စုပြိုင်ပွဲ၊ နန်းချွမ်+နန်းသောင်း ပြိုင်ပွဲနှင့် ထိုက်ချီချွမ် + ထိုက်ချီကျန့်ပြိုင်ပွဲများ၊ အမျိုးသားတွင် ထိုက်ချီချွမ်+ ထိုက်ချီကျန့်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။(၁၉)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ အမျိုးသား၊ အမျိုးသမီးဘောလုံး၊ လှေလှော်၊ဝူရှူး၊မြားပစ်၊ E-Sports၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။





**အာကာစိုး ၊ ဓာတ်ပုံ – တင်စိုး**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၈၀/မမ/CE | 3.6mm Ø x 3 Ply HT Steel Strand (200) Tons ဝယ်ယူရန် |
| ၂ | ၁၈၁/မမ/CE | 6.5mm Ø M.S Rod (60)Tons ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၂ . ၁၀ . ၂၀၂၃ ) နေ့လည်( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၈ . ၉ . ၂၀၂၃)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994




### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/9703 ယာဉ်လက်ဝယ်ရှိသူ ဦးငွေငွေကျော် ၇/ပခန(နိုင်) ၁၀၄၂၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

### အမည်ပြောင်း

ဦးအောင်အောင်မျိုး ၏သား မြိတ်မြို့၊ အထက(၂)Grade-2မှ မောင်ကောင်းမြတ်အောင် အား ယနေ့မှစ၍ မောင်ကောင်းစင်သူ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းစင်သူ**

### ဖခင်အမည်မှန်

မြိတ်မြို့၊ ထွန်းတောက်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7(B) မှ မနိုးထက်ဇော် ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးသန်းထွန်း ၆/မအရ(နိုင်)၀၉၉၁၇၁ ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း**

### ဖခင်အမည်မှန်

မြိတ်မြို့၊ မူလွန်(အင်းလေးကမ်း) Grade-4မှ မောင်အောင်ဆန်းဦး နှင့် Grade- 2မှ မယွန်းဝတီစိုး တို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမင်းသန်း ၆/မမန(နိုင်) ၂၇၇၆၈၆ ဖြစ်ပါကြောင်း။

**ဦးမင်းသန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ပုလဲဒီပါရပ်နေ ဦးမြင့်သိန်း ၈/မမန(နိုင်)၁၂၉၅၄၀ ၏ မိခင် ဒေါ်အေးမြင့်နှင့် ဒေါ်ချစ်ပို ၈/မမန(နိုင်)၀၇၂၈၉၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးမြင့်(ခ)ဒေါ်ချစ်ပို**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/19558 ယာဉ်လက်ဝယ်ရှိသူ ဦးဂျိုက်လာ ၇/ကတခ(ပြု)၀၀၀၀၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၃၊ ဦးပိုင်အမှတ် ၇၆၊ ၅၁x ၅၂ ကြား၊ ၁၀၃x ၁၀၄လမ်းကြား မြေကွက်အား တောဂရန်အမှတ်အမှတ် ၃၇၆၇/၉၂-၉၃အရ ဒေါ်မြင့်မြင့် EMDY-၃၁၈၄၉၅ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးကျော်သူစိုး ၉/ မရတ(နိုင်)၁၂၆၃၈၅ မှ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/9708 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်း ၉/မခန(နိုင်) ၁၀၂၅၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/69855, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/4622, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဟိန်း ၆/ထဝန(နိုင်)၁၃၃၃၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/88518, Honda Scoopy-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီဟန် ၅/မမတ(နိုင်)၀၆၀၉၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၃

| | | |
|---|---|---|
| ဦးမျိုးလွင် | နှင့် | ဦးကြူး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးမောင်မောင်) |
| တရားလို | | တရားပြိုင် |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဆ -၈)၊ ဘောလုံးကွင်းတိုက်တန်း၊ အမှတ်(၂)ရပ်ကွက်နေ (ဘ)ဦးလှဘော်၏ သားဖြစ်သူ ဦးကြူး(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးမောင်မောင်)(ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးမျိုးလွင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်အမှတ်(၂၉)၊ (၄၀x၆၀)ပေ အကျယ် အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ် စက်တင်ဘာလ ၂၉ ရက် (၁၃၈၅ခုနှစ် တော်သလင်းလဆန်း ၁၅)ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၉ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၀ ကျပ် | ၂၇၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၂၅ ကျပ် | ၂၇၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၄၀ ကျပ် | ၂၄၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၆၅ ကျပ် | ၂၆၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ အသက် (၉) နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး (HPV) ထိုးနှံခြင်းကို စက်တင်ဘာ ၁၈ ရက်က အထက -၂ ကျောင်း၌ ထိုးနှံပေးစဉ်။ ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၀၅၀ | ၃၁၀၀ | ၆၄၅ | ၁၉၆၇၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၉၀၃၄ | ၃၂၃၅၇၃၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၂၀၀ | ၂၂၀၀ | ၈ | ၁၇၆၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂ | ၉၈၀၀ |
| MAEPC | ၁၇၅၀ | ၁၈၀၀ | ၅၀၃ | ၈၈၀၄၀၀ |

ညီညီ - စုစည်းသည်

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးမြစ်ကူးတံတား(သန်လျင်အမှတ်-၃) တွင် အသုံးပြုရန် လိုအပ်သော ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ Covid-19ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်စေရန် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့် အညီ တင်ဒါစိစစ်ရွေးချယ်ခြင်းအစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

-တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်/အချိန် - ၂၆-၉-၂၀၂၄ရက် နံနက် ၉:၃၀နာရီ

-တင်ဒါလျှောက်လွှာ ပိတ်သည့်ရက်/အချိန် - ၂-၁၀-၂၀၂၄ရက် ညနေ ၄:၃၀နာရီ

- တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ၃-၁၀-၂၀၂၄ရက်၊ နံနက်၁၀နာရီ

-တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ - ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်-၃) PMUရုံးခန်းမဆောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃) ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပ(မြင်သာ)၊ရန်ကုန်မြို့တွင် ၂၆-၉-၂၀၂၄ရက် နံနက် ၉:၃၀ နာရီမှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၄၂၀၀၄၉၂၃၃၊ ၀၉-၄၀၁၅၅၆၂၃၃၊ ၀၉- ၄၀၀၆၉၉၇၂၃ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်မှန်ဌာနရှိ 128 Slice CT (GE Healthcare, Optima CT 660, SN: 4762YC5)စက်၏ X-Ray Tube အသစ်လဲရန်နှင့် Service Only Preventive Maintenance (PM) ပြုလုပ်ရန်အတွက် စိတ်ပါဝင်စားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၉-၉-၂၀၂၄ရက် (အင်္ဂါနေ့)

တင်ဒါပုံစံနောက်ဆုံးပေးသွင်း - ၂-၁၀-၂၀၂၄ရက်
ရမည့်ရက်/အချိန် (တနင်္လာနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**




## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်း ဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ စကားဝါလမ်းမှ ဒေါ်မြင့်မြင့်ဆွေ၏ မွေးသက္ကရာဇ် အမှန်မှာ ၅-၃-၁၉၆၅ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်း ဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ (၃)လမ်းမှ ဒေါ်သင်းသင်းဆွေ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၇-၆-၁၉၆၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက (တံခွန်တိုင်ကြီး) G-12မှ မလှိုင်လှိုင်ဆွေ၏ ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ၁၄/မမက(နိုင်) ၀၆၈၃၅၉ ဖြစ်ပါကြောင်း။

**ဦးကိုကိုနိုင်**

## အမည်ပြောင်း

ဦးဝင်းမောင် ၅/ခတန(နိုင်) ၀၁၃၇၅၆၏သမီး ဟုမ္မလင်းမြို့၊ နောင်ပကျစ်တောင်ပေါ် အမက Grade-4မှ မသွန်းဟေမာန် ညီမ်းအား မသွန်းဟေ မာန်အောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသွန်းဟေမာန်အောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/7395, Toyota Wish znu10, S/W(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝေလင်းထွန်း ၁၄/လပတ(နိုင်)၁၂၆၄၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/62330 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်ဝင်း ၇/ပခန(နိုင်)၁၇၇၀၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ အထက (အုတ်တွင်း)ကျောင်း Grade-10မှ မလှိုင်းအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းသိန်း ၇/အတန(နိုင်)၁၀၆၆၆၃ ဖြစ်ပါကြောင်း။

**ဦးမင်းမင်းသိန်း**

## ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက (ကျောက်တံခါး) Grade-12(B)မှ မလက်ချမ်းမီး၏ ဖခင် ဦးရာဂျာရမ်း၏ အမည်မှန်မှာ ဦးဂျိုက်ပရကပ် ၇/ကတခ(နိုင်) ၀၇၆၅၁၇ ဖြစ်ပါကြောင်း။ **ဦးဂျိုက်ပရကပ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(တကော ကနုတ်)ကျောင်းGrade-11မှ နော်ပဲဖောဝါး၏ ဖခင်အမည်မှန်မှာ စောကဆောဝါး ၇/ကဝန(နိုင်)၁၁၄၈၀၇ ဖြစ်ပါကြောင်း။

**စောကဆောဝါး**

## ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက (ကျောက်တံခါး) Grade-12(B) မှ မစိုးစိုးခိုင်၏ ဖခင် ဦးလာလူး၏ အမည်မှန်မှာ ဦးရာဂျစ်ကူမာရ် ၇/ကတခ(နိုင်) ၁၀၅၈၅၇ ဖြစ်ပါကြောင်း။

**ဦးရာဂျစ်ကူမာရ်**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း ၄၀၊ အမှတ် ၂၅၈/၂၅၄နေ ဒေါ်စန္ဒာအေးမြင့် ၁၂/ ကတတ(နိုင်)၀၂၈၀၄၁မှ အရပ်စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူထားရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊(၉)ရပ်ကွက်၊လမ်း ၄၀၊အမှတ် ၂၅၈/၂၅၄ရှိ မြေညီထပ်၊ မျက်နှာမူလျှင် (ဝဲ) ဘက်ခြမ်း၊အကျယ်အဝန်း(၁၂ ၃/၂ x၄၀)ပေ တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၂)ဦးမှ နှစ်ဖက်သဘောတူညီခဲ့ကြပြီး ၁၄-၉- ၂၀၂၄ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စမ်းစမ်းထွေး(ခ)နစီမာနှင့် ဦးအောင်ကျော်လွင်(ခ) မိုဟာမက်အီလီယာစ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး၊ အထက်တန်းရှေ့နေ၊ စဉ်-၁၉၁၂၁(၃၀-၆-၂၀၀၄)**
**အမှတ် ၂၂၄၈/ခ၊ ဇေယျာဝတီ(၇)လမ်း၊ (၁၂)ရပ်ကွက်၊ သာကေတ၊**
**ရန်ကုန်တိုင်းဒေသကြီး ၊ ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၅၁၄၅၇၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၂၇၁)၊ ဗိုလ်မှူးစောလှ ဂရန်အမည်ပေါက်ပိုင်ဆိုင်သော အလျား ၄၀ပေ x အနံ ၆၀ပေ အနက် ခေါင်းရင်းခြမ်း၊ (ခြံအမှတ် ၂၇၀ နှင့် ကပ်လျက်) ခြံအလျား ၂၀ ပေ x အနံ ၆၀ပေ အား ဗိုလ်မှူးစောလှ၏ လွှဲပြောင်းဆက်ခံသူ ၎င်း၏ဇနီး ဒေါ်ဥမ္မာချို့မှ အရှုပ်အရှင်းမရှိအမှန်တကယ် လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းပြောဆိုလာရာ ကျွန်တော် ဦးပြည့်သူချမ်း ၁၂/ဥကတ(နိုင်) ၁၇၉၃၈၅မှ အပြီးအပိုင်လွှဲပြောင်းယူရန်အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသ စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်တော့်ထံသို့ ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးပြည့်သူချမ်း**
**တာဝါအေ၊ အခန်း ၄၀၅၊ မလိခကွန်ဒို၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၄၁၆၈၈၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ တိုက်အမှတ်(၁၁၈)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅ x ၅၀)ပေရှိ ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ (၈)ထပ်တိုက်၏ (၆)လွှာ၊ အကျယ်ပေ (၁၂ပေခွဲ x ၅၀)ရှိ ဝဲဘက်(ခြေရင်းခန်း)အား တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းကို ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်မေနှင်းမောင် ၁၂/မဂတ(နိုင်) ၀၈၉၆၉၀၊ ဒေါ်ခင်နှင်းမောင် ၁၂/မဂတ(နိုင်) ၀၉၆၅၈၄၊ ဒေါ်လှိုင်လှိုင်ဖြိုး ၁၂/မဂတ(နိုင်) ၁၀၈၂၇၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာလွင် ၁၂/မဂတ(နိုင်) ၁၁၆၄၉၃က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ဤသတင်းစာကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၃၇/၂၀၂၁)**
**LL.B,D.B.L,D.I.P.L,W.I.P.O(Switzerland), MA, Business Law**
**အမှတ်(၂၄)၊ (၉၈)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၅၉၉၇၅၉၊ ၀၉-၇၉၅၉၁၇၄၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ၊ စီမံကိန်းအဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A5)၊ အခန်းအမှတ်(723),Type(A),Area(1185)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ စိုင်းလုံဝမ်း ၁၃/တကန(နိုင်) ၁၃၁၅၅၆ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ကန့်ကွက်လိုသူများရှိပါက ကျွန်တော့်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခု ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီပိုင်**
**၇/ပမန(နိုင်)၀၄၄၈၈၀**
**ဖုန်း-၀၉-၉၄၂၉၃၄၅၇၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅/ထန်းတပင်၊ မြေကွက်အမှတ် (E-023)၊ မြေဧရိယာ ၀ဒသမ၁၃၇ဧကရှိ ဦးအောင်ဌေးမြင့် (ဘ)ဦးထွန်းမြင့် ၁၂/ပဘတ(နိုင်)၀၃၃၄၆၃အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်ဌေးမြင့်ထံမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် ၁၈၄၅/၂၀၂၃ (၂၆-၆-၂၀၂၃)ရရှိထားသူ ဦးသော်ဇင်မြင့်(ဘ)ဦးမြင့်ဝေ ၅/မရန(နိုင်) ၁၅၇၁၇၂ မှ ဦးထွန်းထွန်းညီ (ဘ)ဦးခင်မောင်ဝင်း ၇/ကတခ(နိုင်)၀၀၈၀၅၇နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၂၁)ရှိ (၆)ထပ်တိုက်၏ ၅-လွှာ(ခေါင်းရင်းခန်း)၊ (၁၂ ၁/၂ x ၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာအောင် ၁၂/သဃက(နိုင်) ၀၃၇၉၉၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုမွန် ကျော် ၉/မကန(နိုင်) ၁၂၁၅၉၆က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ် CL7(A2)၊ အခန်းအမှတ် (၇၀၃)၊ Type (1-Bedroom)၊ Area (၄၈၄) Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနိုင်ကို ၂/လကန(နိုင်)၀၇၄၁၂၄ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လားလ်နွန်ငှတ်အီး**
**၅/ကလထ(နိုင်)၁၆၃၅၇၂**
**ဖုန်း-၀၉-၂၅၆၁၈၉၉၀၂**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၄၂)၊ ဗိုလ်ဥာဏ(၃)လမ်းနေ ဦးခင်မောင်ဝင်း(ဘ)ဦးသိန်းမြင့် ၁၄/မမက(နိုင်)၀၀၄၅၃၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ (၂/ခ) ရပ်ကွက်၊ ဗိုလ်ဥတ္တမ(၃)လမ်း၊ အမှတ်(၄၉၀)၌ တည်ရှိသော ဒေါ်ထွေးထွေးခင် (ဘ) ဦးခင်မောင် ၁၂/မဂဒ(နိုင်)၁၂၇၁၆၁၏ အမည်ပေါက်ပိုင်ဆိုင်သည့် အထက်လိပ်စာပါ (အလျားပေ၆၀xအနံပေ၄၀)ရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်ဝင်းက ၇-၈-၂၀၂၃ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်ထွေးထွေးခင်ထံမှစရန်ငွေကျပ်သိန်း(၅၀၀)ပေးအပ်၍ ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းပစ္စည်းအား ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ မည်သူမျှ လွှဲပြောင်းရောင်းချခြင်း၊ငှားရမ်းခြင်း၊ပေးကမ်းခြင်း၊ လျှုဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းစီမံခန့်ခွဲခြင်း၊ လုံးဝမပြုလုပ်ရန်အတွက်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးခင်မောင်ဝင်း (ဘ) ဦးသိန်းမြင့်**
**၁၄/မမက(နိုင်)၀၀၄၅၃၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သန်းဝင်း**
**(LL.B, DL.101. WIPO-Academy)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၈၁)**
**ဖုန်း-၀၉-၄၃၀၀၅၈၅၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (ခ)ရပ်ကွက်၊ (၅)လမ်း၊ အမှတ် ၁၂၆နေ ဒေါ်ဝင်းဝင်းမြင့် ၁၂/မဂဒ(နိုင်)၀၈၅၂၄၃၏သမီး မမေမြတ်နိုးဇော် ၁၂/အစန(နိုင်)၂၅၀၇၆၂သည် မိခင်၏ အကြိမ်ကြိမ်အခါခါ ဆိုဆုံးမမှုများကို မနာခံသောကြောင့် ၎င်းကို သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း နှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ဝင်းဝင်းမြင့်**
**၁၂/မဂဒ(နိုင်)၀၈၅၂၄၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် (၈-၁)၊ ဦးပိုင်အမှတ် (၆၂)/၆၁x၆၂ကြား၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြားရှိ ဒေါ်အုံးရွှေ အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးစိန်ယု (ခ)ဦးစိန်ယူ၊ မိခင် ဒေါ်အုံးရွှေတို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်လေးလေးမြင့် ၉/မရမ(နိုင်)၀၇၅၄၂၆၊ ဦးခင်ဦး ၉/မရမ(နိုင်)၀၇၅၆၉၂၊ ဒေါ်ခင်ဝင်း ၉/မရတ(နိုင်)၀၂၀၄၆၉တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံ ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၇၉)၊ ဦးပိုင်အမှတ် (၃၂)/၁၄၀.Aလမ်း၊ ၄၉x၅၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးကျော်မင်းကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်နှင်းအေး ၉/မတန(နိုင်)၀၄၅၃၄၇ ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၁၅၉၁၈ Stream YMD 110 ယာဉ်လက်ဝယ်ရှိသူ ဦးစဇော်မိုး ၁၄/ပသန(နိုင်)၁၃၄၁၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/42802 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ကျော် ၉/မခန(နိုင်)၁၅၆၂၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်းအမှတ်(၈၅)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ (၈-လွှာ)၊ ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း(ပေ၂၀x ၆၅ ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဟေမာန်ဦး ၁၀/မဒန(နိုင်)၁၅၁၂၅၈ ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ၁။ ဦးဖွဲ့ဇာနည်ထွဏ်း ၁၂/မဂတ(နိုင်)၀၉၃၁၅၇၊ ၂။ ဒေါ်နှင်းဖြူဖြူ ၁၂/ပဇတ(နိုင်)၀၃၈၁၁၇တို့မှ ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာထွေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၄၂၁၃)**
**အမှတ်(၈၆၁)၊ စာဂလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၈၀၉၄၁၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာအုပ်စု မင်းရွာရပ်ကွက်၊ အကွက်အမှတ်(၅၈၁-ခ)၊ ဦးပိုင်အမှတ် (၁/၃၃)/၆၇လမ်း မင်းရွာထိပ်၊ တမုတ်ဆိုးလက်တံမြောင်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးမြင့်ဆွေကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်သိန်းဝင်း ၁/ရကန(နိုင်)၀၀၁၃၁၀၁ ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက် ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွာနုတ္တသားသမီးအဖြစ် ကြေညာခြင်း

ကျွန်မဒေါ်ညွှန့် ၁၂/ကမန(နိုင်)၀၃၁၅၈၃၏သား မောင်ရှိုင်း(ဘ)ဦးထွန်းသိန်း ၁၂/ကမန(နိုင်)၁၅၁၃၃၁သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိဘက ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုလုပ်ခဲ့သည့်အပြင် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ မောင်ရှိုင်းအား သားအဖြစ်မှစွန့်လွှတ်ပြီး သွာနုတ္တသားသမီးအဖြစ် ကြေညာပါသည်။ မောင်ရှိုင်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်တို့သည် ကျွန်မ ဒေါ်ညွှန့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်မရှိပါကြောင်း မောင်ရှိုင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ညွှန့်**
**၁၂/ကမန(နိုင်)၀၃၁၅၈၃**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၄)လမ်း၊ အမှတ်(၇၉၆)နေ ဦးဝင်းနိုင် ၁၂/သဃက(နိုင်)၀၀၅၃၄၇ (ဘ) ဦးသိန်းဟန်၊ ဦးတင်မောင်သိန်း ၁၂/သဃက(နိုင်)၀၀၅၃၄၅ (ဘ) ဦးသိန်းဟန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

(ဖခင်) ဦးသိန်းဟန်၊ (မိခင်) ဒေါ်ခင်ခင်မြ၊ အစ်ကိုကြီး ဒေါက်တာတင်မောင်မောင်တို့ (၃)ဦးသည် အသီးသီးကွယ်လွန်ပြီးနောက် ကျန်ရစ်သူ သားသမီးများဖြစ်သော ဦးဝင်းနိုင်၊ ဦးဝင်းရီ၊ ဦးတင်မောင်သိန်းတို့ ကျန်ရစ်ခဲ့ပါသည်။ (ဖခင်) ဖြစ်သူ ကွယ်လွန်ပြီးနောက် အမွေပုံပစ္စည်းအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၄)လမ်း၊ အမှတ်(၇၉၆) အိမ်နှင့်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေ စာရင်းတွင် (ဖခင်) ဦးသိန်းဟန်အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် လျက်ရှိပါသည်။

အမွေရှင် ဦးသိန်းဟန်အမည်ပေါက်သော အထက်ပါမြေကွက်နှင့် အိမ်အပါအဝင် အတွင်းပစ္စည်းများသည် ဦးဝင်းနိုင်၊ ဦးဝင်းရီ၊ ဦးတင်မောင်သိန်းတို့ အမွေဆက်ခံပိုင်ဆိုင်သော အမွေပုံပစ္စည်းများဖြစ်ကြပါသည်။

ဦးဝင်းရီမှ ကျန်အမွေဆိုင်(၂)ဦး၏သဘောတူခွင့်ပြုချက်မရရှိဘဲ အမွေပိုင်အိမ်အားငှားရမ်း၍ ငှားရမ်းခငွေများအား အလွဲသုံးစားပြုလုပ်ထားခြင်း ဦးဝင်းနိုင်နှင့် ဦးတင်မောင်သိန်းတို့ နှစ်ဦးဝင်ထွက်မရရန် သော့များပြောင်းလဲခတ်၍ တားမြစ်ခဲ့ခြင်းများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါမြေကွက်နှင့်တိုက်အား ရောင်းချပြီးပါက အစ်ကိုကြီးဖြစ်သူ ဦးဝင်းနိုင်မှ ဦးဝင်းရီ၊ ဦးတင်မောင်သိန်း ညီ(၂)ယောက်နှင့်အတူ ရောင်းချရငွေများကို အညီအမျှခွဲဝေပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိစေအပ်ပါသည်။

ဦးဝင်းနိုင်၊ ဦးတင်မောင်သိန်းတို့၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာ ရရှိခြင်း မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ဦးဝင်းရီက ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

အထက်ပါ ဦးဝင်းရီ ၏ လုပ်ဆောင်ချက်များအား ဆက်လက်လုပ်ဆောင်နေပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်ဝင်း BA(Law), LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၂၇)**
**အမှတ်(၆၂၃)၊ ဝရဇာ(၆)လမ်းအောက်၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၂၆၃၀၁၁၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ် (၁၃၀)၊ ၁၉x၂၀လမ်းကြား၊ ၆၃လမ်းမျက်နှာပြုရှိ ဂရန်မြေကွက်အမည်ပေါက်သော (ဖခင်) ဦးညွှန့်ရွှေ ၊ (မိခင်) ဒေါ်တင်ကြည် တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၄၈၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ကျန်ရစ်သူ သား၊ သမီးများဖြစ်သည့် ဒေါ်ခင်မေစီ ၉/မနမ(နိုင်)၀၅၆၁၁၉၊ ဒေါ်သန်းသန်းမြင့် ၉/မနမ(နိုင်)၀၅၆၁၁၀၊ ဦးဝင်းတင့် ၉/မနမ(နိုင်)၀၆၀၂၇၇တို့က အမှုတွဲအမှတ် ၄၂၄၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက် အမှတ်(၇၃၈)၊ ဦးပိုင်အမှတ်(၂၂-ဆ)၊ လမ်း၃၀၊ ၇၂x၇၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ရှိန်၊ ဒေါ်မြင့်စိန် တို့ (၂)ဦးအနက် ခင်ပွန်းဖြစ်သူ ဦးတင်ရှိန်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၈၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်မြင့်စိန်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ် (၁၇၆၈/၂၀၂၃) ဖြင့် ပေးကမ်းခြင်းကိုလက်ခံသူ ဦးစည်သူရှိန် ၉/မရမ(နိုင်)၀၈၆၆၉၃ ကအမှုတွဲအမှတ် ၄၂၆၄/၂၀၂၃-၂၀၂၄ဖြင့်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် အမှတ် (ဗဗ-၃)၊ ဦးပိုင်အမှတ် ၁၂(ခဲစင်း)၊ ၄၆လမ်း၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သောခင်ပွန်းဖြစ်သူ ဦးမျိုးဝင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၂၃၉/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စိန်နှစ် ၏(GP ရသူ ဦးဇော်လွင်ဦး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၇၁/၂၀၂၁)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ချိုချိုမြင့် ၉/မကန(နိုင်)၀၁၀၄၀၂ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၂၆၀/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ဦးပိုင်ခွဲ /အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကျိုက္ကဆံလမ်းမ၊ အမှတ်(၄၁၁)၊လေးလွှာနေ ကျွန်တော် ဦးဇော်ဝင်း (ခ)စလင်းဘိုင် ၁၂/သဃက(နိုင်)၁၄၃၃၁၇၏သား အောင်ခန့်ဇော် ၁၂/တမန(နိုင်)၁၃၁၀၈၃နှင့် သမီးကြီးဖြစ်သူ မေမြတ်နိုး ၁၂/တမန(နိုင်)၁၂၇၃၃၄တို့နှစ်ဦးသည် ဖခင်၏ဆိုဆုံးမမှုများကို မနာခံသောကြောင့် ၎င်းတို့နှစ်ဦးနှင့်ပတ်သက်၍ ကိစ္စများအားလုံး (လုံး၀) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဇော်ဝင်း(ခ)စလင်းဘိုင်**
**၁၂/သဃက(နိုင်)၁၄၃၃၁၇**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် DD/7235 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/10217 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်မြတ်သူ ၈/ပခက(နိုင်)၂၃၈၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/ 43886 ယာဉ်လက်ဝယ်ရှိသူ THET HTAR ZIN TRADING CO.,LTD က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/37866 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltdက (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-11(A)မှ မမြန်နိုးသူ၏ ဖခင်အမည်မှန်မှာ ဦးကြည်ဆန်း ၇/ရတရ(နိုင်) ၀၃၀၄၇၁ ဖြစ်ပါကြောင်း။

**ဦးကြည်ဆန်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/1990, 2C/1993, 2C/1997၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/6818 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## မီးသတိပြု

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-11(A) မှ မယမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးနေမင်းစိုး ၇/ရတရ(နိုင်)၁၀၃၂၉၇ ဖြစ်ပါကြောင်း။

**ဦးနေမင်းစိုး**

## ပြောင်းလဲခေါ်ဆိုပါရန်

ဖြူးမြို့နယ် (ဘ)ဦးကျော်ဇင်ဟိန်း ၇/ဖမန(နိုင်)၁၇၉၆၄၃၏ သမီး အထက (၂)ဇေယျဝတီ Grade(4)မှ မရွှန်းပီတိအား မမြတ်ကြည်ဖြူခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သဃ်္ဃန်းကျွန်းပညာရေးဒီကရီကောလိပ်မှ (ဘ)ဦးစောအောင် ၉/မသန(နိုင်)၀၀၆၁၀၂ ၏ သမီး မမို့မို့မြင့်အောင်အား ယနေ့မှစ၍ မမို့မို့ခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမို့မို့ခိုင်**
**၉/မသန(နိုင်)၀၈၀၇၃၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၂)၊ ဦးပိုင်အမှတ် (၆၃)၊ ၅၈x၅၉လမ်းကြား၊ Bလမ်းနှင့် အနော်ရထာလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမိုးညွန့် ၉/မခန(နိုင်)၀၀၇၅၇၉၏(SPရသူဦးစိုးတင့်)ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၂၄၄/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ထင်ပါကျိုင်းရပ်ကွက်၊ တာချင်စူး၊ ရှမ်းပြည်(မြောက်ပိုင်း)၊ မြန်မာနိုင်ငံ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့တွင်-

**SSY (ဆုံဆည်းရာ)**

သောက်ရေသန့်အမည်ဖြင့် ထုတ်လုပ်ရောင်းချရန်စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးရှိ သောက်ရေသန့်စက်ရုံများမှ အမည်တူရှိနေပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက သောက်ရေသန့်ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်ဝင်းမောင်**
**၁၁/အမန(နိုင်)၀၂၄၉၁၉**
**ဖုန်း-၀၉-၄၀၃၇၄၂၂၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၅၁၇)၊ ပျဉ်ပုံအနောက်မြောက်ကွင်း၊ ဦးပိုင်အမှတ်(၁၂+၁၃+၁၄)၊ ဧရိယာ ၆ ဒသမ ၅၈ဧက ရန်ကုန်-မန္တလေးလမ်းမကြီးဘေးရှိ မြေကွက်အား ဦးမင်းနိုင် (ဆီးဘွိုင်းကုမ္ပဏီ) အမည်ဖြင့် လန/၃၉ ခွင့်ပြုမိန့်ရရှိခဲ့ပြီး အဆိုပါမြေကွက်အား ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာတွင် နေထိုင်သူ မဆုနှင်းဝေ (ဘ)ဦးဌေးအောင် ၉/ခအဇ(နိုင်)၀၅၇၁၁၈မှ အပြီးအပိုင် ဝယ်ယူမည်ဖြစ်ရာ ကန့်ကွက်လိုသူများသည် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းများကိုင်ဆောင်၍ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးနှင့် အောက်ပါဖုန်းနံပါတ်များသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ဆုနှင်းဝေ**
**ဖုန်း-၀၉-၂၀၁၀၅၃၀၊ ၀၉-၉၇၃၁၇၀၆၂၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၇၅၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ညွန့်ကြည် အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်ကျော်လွင် ၁၃/လခတ(နိုင်)၀၁၂၇၁၉မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အဆောက်အအုံ ဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၅၄၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ဌေးဌေးရီ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သိင်္ဂီသန်းဝင်း (ဘ)ဦးသန်းဝင်း ၉/ခအဇ(နိုင်)၀၂၁၇၀၁ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၁၄/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ဟိန်းထက်ထက်အောင်(ဘ) ဦးသန်းဝင်း ၉/ခအဇ(နိုင်)၀၁၆၆၁၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-11(A) မှ မောင်ကျော်မိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးကုလား ၉/နထက(နိုင်)၀၉၆၈၀၂ ဖြစ်ပါကြောင်း။

**ဦးကုလား**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/1100 Ta Ta ACE ex2 p/u(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိုးထွန်း ၁၂/မဂဒ(နိုင်)၀၀၇၄၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၅)၊ ဦးပိုင်အမှတ် (၄၂-က)၊ ၅၉လမ်း၊ မဉ္ဇူလမ်းနှင့် ခတ္တာလမ်းကြားရှိ ဒေါ်ဆားမြိုင် အမည်ပေါက် တောဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်ဆားမြိုင် (ခ) ဒေါ်ထားထားမြိုင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၃၉၈/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးကြီးဆောင် ၉/မရတ(နိုင်) ၀၂၅၁၄၁ ၏ (GP ရသူ ဒေါ်မေဇင်နို) က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၂၄၂/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း / သက်တမ်းတိုး / အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၅)၊ ဦးပိုင်အမှတ် (၃၁-ဃ)၊ ၅၉လမ်း၊ မဉ္ဇူလမ်းနှင့် ခတ္တာလမ်းကြားရှိ ဒေါ်ဆားမြိုင် အမည်ပေါက် တောဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်ဆားမြိုင် (ခ) ဒေါ်ထားထားမြိုင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၃၉၅/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးကြီးဆောင် ၉/မရတ(နိုင်) ၀၂၅၁၄၁ ၏ (GP ရသူ ဒေါ်သန္တာရီကျော်) ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၂၄၁/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း / သက်တမ်းတိုး / အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ ကောလိယ ၂၅လမ်း၊ မြေကွက်အမှတ် ၁၆၅-၁/၂၊ အကျယ်(၄၀'x၆၀')ရှိ စလစ်မြေအမျိုးအစား မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် (၁) ဦးအုန်းငွေ၊ (၂) ဦးသိန်းအောင်တို့က ပူးတွဲ၍ အမည်ပေါက်ပြီး ဦးအုန်းငွေ ပိုင်ဆိုင်သည့် ခြေရင်းဘက်(၂၀'x၆၀') မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသည့် ခေါင်းရင်းဘက်(၁၀x၆၀)ရှိ မြေကွက် အား အမွေဆက်ခံ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မွေက်ဟဝန်ခံသူ (၁)ဦးတင့်လွင် ၁၁/ဂမန(နိုင်)၀၂၀၅၃၆၊ (၂) ဦးစောလွင်(S/OKA-၀၉၇၉၉၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးနိုင် ၁၂/ဥကတ(နိုင်)၁၈၄၃၉၄သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာမှတ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်(LL.B)(C.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၅ ဧကရှိ ဦးသိန်းဌေး ၁၂/တကန(နိုင်)၀၄၀၀၄၇ (ဘ) ဦးစိုးရင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၁၉၂) ကိုနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၃/၂၀၂၃ (၇-၂-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်လင်းလင်းမြတ် ၁၂/မရက(နိုင်)၁၀၁၇၅၄ (ဘ)ဦးသောင်းရွှေ မှ ဦးသန်းဝင်း ၈/တတက(နိုင်)၀၆၈၀၂၀ နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၆၀)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ၃-လွှာ(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၃ပေx၅၀ပေ)ရှိ တိုက်ခန်းအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ယခုလက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးစိုးသူအောင် ၁၂/တမန(နိုင်)၁၀၈၀၈၆ နှင့် ဒေါ်မြတ်ရည်မွန် ၆/မအရ(နိုင်)၀၉၉၀၄၉တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)   ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၆၁ ဧက၊ မြေကွက်အမှတ် (ဥ-၆၄၁၃) ဒေါ်ခင်မျိုးဌေး ၈/ကမန(နိုင်)၀၀၂၈၀၃ (ဘ)ဦးတင်ဌေး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်မိမိမြတ် ၁၂/ကမရ(နိုင်)၀၀၁၅၁၈ (ဘ)ဦးတင်မျိုးလွင်မှ နေပြည်တော်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၆၅/၂၀၂၃ (၉-၃-၂၀၂၃) တင်ပြ၍ ဦးမျိုးထွဋ်လှိုင် ၁၂/ရကန(နိုင်)၀၀၃၄၄၀ (ဘ)ဦးတင်လှိုင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁-၁၁-၂၀၁၆ ရက်စွဲဖြင့် ကျွန်တော် ဦးဘောက်နော် (ဘ-ဦးအင်ဂေါ့တူး) ၅/ကသန(နိုင်)၀၀၁၆၄၆ မှ ဒေါ်နန်ဂျာ (ဘ-ဦးကွမ်ဝေါမ်) ၁/ဗမန(နိုင်)၀၁၀၁၁၀ ထံသို့လွှဲပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၉၁၆/၂၀၁၆) အား ၁၈-၉-၂၀၂၃ ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးဘောက်နော် (ဘ-ဦးမင်ဂေါ့တူး)**
**၅/ကသန(နိုင်)၀၀၁၆၄၆**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၁၄၃၇/ခ)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ ဦးကျော်အုန်း(HZA-201320)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၄၃၇/ခ)၊ ဂျိုးဖြူလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၁)ထပ်နေအိမ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်ချိုဦး ၁၂/တမန(နိုင်)၀၀၂၆၅၂၊ ဒေါ်ညိုညိုသိမ့် ၁၂/ဒဂတ(နိုင်)၀၀၃၈၂၈ နှင့် ဒေါ်စီစီအောင် ၁၂/ဒဂတ(နိုင်)၀၁၈၀၇၂တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးသီဟစိုးနိုင် ၇/ပခန(နိုင်)၂၇၂၈၇၅နှင့် ဒေါ်ရီရီဇင် ၁၁/ကတန(နိုင်)၀၆၆၆၈၀တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)   ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၃၅၆)နေ မစီးဒီးခန်းစွန္နီဂျာမေဗလီကြီး၏ ဂေါပကအဖွဲ့အတွင်းရေးမှူးဖြစ်သူ ဦးစံသိန်း ၁၂/တမန(နိုင်)၀၇၉၃၂၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အမှတ်(၃၅၆)၊ ကျိုက္ကဆံလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မစီးဒီးခန်းစွန္နီဂျာမေဗလီကြီးဟုခေါ်တွင်သော ဝတ်ပြုကျောင်းတွင် ဗလီပိုင်မြေ ၁ ဒသမ ၈၇၆ ဧကအပါအဝင် မြေကွက်အမှတ် (၈၇ $\frac{အေ}{၁}$)၊ (၈၇အေ)၊ (၈၇ ဘီ)၊ စုစုပေါင်းမြေကွက်(၃)ကွက်ရှိ မြေများအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် လည်းကောင်း၊ အဆိုပါမြေကွက်များပေါ်တွင် တည်ရှိနေပါသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်နေသည့် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ယခုလက်ရှိတွင် မစီးဒီးခန်းစွန္နီဂျာမေဗလီကြီး ဟုခေါ်တွင်သည့် ဝတ်ပြုကျောင်းတစ်ခုတည်းကသာ အကျိုးခံစားခွင့်ရှိပါကြောင်း၊ ဝတ်ပြုကျောင်းတည်ရှိရာ ဗလီပိုင်မြေကွက် (၃)ကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်များကို အခြားသူများရယူခံစားပိုင်ခွင့်မရှိပါကြောင်း၊ အကယ်၍ အကျိုးခံစားခွင့်အရပ်ရပ်၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရယူထားသူများရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း မစီးဒီးခန်းစွန္နီဂျာမေဗလီကြီး၏ တာဝန်ရှိသူ ဂေါပကအတွင်းရေးမှူး ဦးစံသိန်းထံသို့ လွှဲပြောင်းပေးအပ်သွားရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစံသိန်း**
**၁၂/တမန(နိုင်)၀၇၉၃၂၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုလွင်**
**LL.B, D.I.L, DL.101(WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၃)**
**အမှတ်(၂၄၅)၊မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၅၃၀၂၁၅၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ ဒုအရခဗ၊ စရသန်းထွန်း(ကိုယ်ပိုင်အမှတ် ၃၆၉၉၈၄)၊ ၁၃/ကတန(နိုင်)၀၀၄၅၄၇ (ဘ)ဦးစောဝင်း အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(B) ၁၄၂၃ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံသမီးများဖြစ်သူ ဒေါ်မြအိအိထွန်း၊ ဒေါ်မြနီလာထွန်း ၁၃/ရစန(နိုင်)၀၀၀၁၈၆၊ ၁၃/တကန(နိုင်)၁၄၂၈၄၅ (ဘ)ဦးသန်းထွန်းမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုအရခဗ၊ စရသန်းထွန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံဓာတ်ပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ လူနေရပ်ကွက်အမှတ်-နဝဒေးအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၄၄၁)၊( Block ( 38 )/ No.12 ) ဟုခေါ်တွင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ရွာနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ဦးအေးမင်း (ဘ)ဦးထန်ရုံး ၁၂/အစန(နိုင်) ၀၅၄၁၄၄ အမည်ဖြင့်အမည်ပေါက်ပါရှိသည့် အကျယ်အဝန်းပေ(၆၀x၆၀)၊ ဧရိယာအားဖြင့် ၀ ဒသမ ၀၈၃ ဧက၊ စတုရန်းပေအားဖြင့် ၃၆၀၀ စတုရန်းပေ ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်ရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ကြောင်းဝန်ခံပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ဇေယျ (ဘ)ဦးစိုးတိုင် ၁၃/တတန(နိုင်)၀၀၄၇၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာ ပြောကြားကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်းအထောက်အထားများနှင့် အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်မကျော်လွန်မီ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပြော ဆိုနိုင်ပါသည်။

သတ်မှတ်ရက်စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ်ပြီး မြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးချစ်ကိုကို ( ရွှေစာရေး)**
**LL.B, WIPO-101 (Switzerland )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၄)**
**အမှတ်(၂၉၇ )၊ အနော်ရထာလမ်း၊**
**(၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၁၊ ၀၉-၇၆၅၄၄၂၅၃၄**

❖ **နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရည်မြင့်မားမှု ဖြစ်...**

❖ **မိမိတို့အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် ကျောင်းနေအရွယ်အားလုံး အနိမ့်ဆုံး KG+9 အောင်မြင်ရေးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်ရန် မှာကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ


မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်တက္ကသိုလ်ပတ်လမ်း စမ်းကြီးမီးပွိုင့်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်

စာမျက်နှာ ၉ ကော်လံ ၃ ❑

## အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပထမပွဲအဖြစ် မြန်မာအသင်း ဘင်္ဂလားဒေ့ရှ်နှင့် စတင်ကစားရမည်

ရန်ကုန် စက်တင်ဘာ ၁၈

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက် **(ယနေ့)** စတင်မည်ဖြစ်ပြီး မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းသည် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အခြားပွဲများအဖြစ် တရုတ်နှင့် အိန္ဒိယ၊ ဗီယက်နမ်နှင့် မွန်ဂိုလီးယား၊ ဆော်ဒီအာရေဗျနှင့် အီရန်၊ ဘာရိန်းနှင့် ထိုင်း၊ တောင်ကိုရီးယားနှင့် ကူဝိတ်၊ မြောက်ကိုရီးယားနှင့် တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှားနှင့် ကာဂျစ္စတန် အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုခွဲမှုအရ အုပ်စု (A) တွင် အိမ်ရှင်တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယ၊

စာမျက်နှာ ၉ ကော်လံ ၃ ❍

### လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ဆိုစီဒက်ကို အနိုင်ရရှိခဲ့သည့်အတွက် ရာနှုန်းပြည့်နိုင်ပွဲ ဆက်ထိန်းနိုင်ခဲ့သည့် နာမည်ကြီး ရီးရဲမက်ဒရစ်

စပိန်လာလီဂါပွဲစဉ် (၅) မှ နာမည်ကြီး ရီးရဲမက်ဒရစ်နှင့် ရီးရဲဆိုစီဒက်အသင်း ပွဲစဉ်ကို စက်တင်ဘာ ၁၈ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ရာနှုန်းပြည့်နိုင်ပွဲ ဆက်ထိန်းနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ပရိသတ် ၇၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ပွဲချိန် ငါးမိနစ်တွင် ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရသော်လည်း လက်ကျန်ပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ ❖



### စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ မွန်းလွဲ ၁နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ


ယနေ့ သတင်းအညွှန်း

**အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပြခန်း ၈၀ ဆက်လက်ပြသ**
ပြည်တွင်းသတင်း စာ ၈

**ဗီယက်နမ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၈၁၈၀၈ ဦး အထိရှိလာ**
နိုင်ငံတကာသတင်း စာ ၁၃

**မြဝတီကုန်သွယ်ရေးဇုန်မှ ငရုတ်နှင့် ကြက်သွန်နီ အများဆုံးတင်ပို့**
စီးပွားရေးသတင်း စာ ၁၆